မူကြမ်း

# ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ကျောင်းရံပုံငွေ
# ထောက်ပံ့ရေးအစီအစဉ် အတွက်
# ရပ်ရွာပါဝင်ဆောင်ရွက်မှု စီမံကိန်းရေးဆွဲခြင်း မူဘောင်
# (CPPF)
# မြန်မာနိုင်ငံ

# မာတိကာ


က။ အစီအစဉ်နောက်ခံ ။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ကျောင်းရံပုံငွေထောက်ပံ့ရေးအစီအစဉ် .............. ၄

ခ။ အစီအစဉ်၏ ရည်ရွယ်ချယ် ........................................................................................၆

ဂ။ ထောက်ပံ့မည့် အစီအစဉ်များ ......................................................................................၆

ဃ။ လူနည်းစုတိုင်းရင်းသားများနှင့် ပညာရေးဆိုင်ရာတရားဝင်အခွင့်အရေးများ ......................................၁၀

င။ CPPF ၏ ရည်ရွယ်ချက် ................................................................................................၁၁

စ။ အသုံးပြုရမည့်ကမ္ဘာ့ဘဏ်၏ မူဝါဒများ ......................................................................၁၂

ဆ။ ပဏာမ လူမှုရေး ဆန်းစစ်ချက်။ ။ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များ၏ သက်ရောက်မှုများ။ ...... ................................................... ..................................... ............. ၁၃

ဇ။ ရပ်ရွာပါဝင်ဆောင်ရွက်မှု စီမံကိန်းရေးဆွဲရေး မူဘောင် (CPPF)......................................................၁၄

၁။ CPPF ၏ အခြေခံမူများ ................................................................ ................................... .... ၁၇

၂။ CPPF အကောင်အထည်ဖော်ရေးဆိုင်ရာ ဌာနတွင်းအစီအစဉ်များ .. .................. .................. ....... ၁၉

၃။ CPPF ၏ အကောင်အထည်ဖော်ရေး လုပ်ထုံးလုပ်နည်းများ .... .......................... ...................... ....၂၀

၄။ CPP အား ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း ...................................... .................. .......... ၂၆

၅။ တိုင်ကြားမှုဖြေရှင်းရေး နည်းစနစ်များ ................................ ............................ ........... ........ ၂၈

၆။ CPPF အပေါ် အသိပေးတိုင်ပင်ဆွေးနွေးခြင်း .................................... .................... ......... .. ၂၉

၇။ ခန့်မှန်းခြေဘတ်ဂျက် ................................... .................................. ...................... ......... ၂၉

ဇယား - ၁။ မြို့နယ် ၄၀ တွင် CPP အကောင်အထည်ဖော်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ် .. ...... . ၃၀

နောက်ဆက်တွဲ ၁။ လေ့လာခဲ့သောမြို့နယ်များရှိ တိုင်းရင်းသားလူဦးရေ ... ..... ............................. ၃၁

## အကျဉ်းချုပ်နှင့် အတိုကောက်စာလုံးများ အဓိပ္ပာယ်

| | | |
|---|---|---|
| AY | - | ပညာသင်နှစ် |
| CPP | - | ရပ်ရွာပါဝင်ဆောင်ရွက်မှုစီမံကိန်း |
| CPPF | - | ရပ်ရွာပါဝင်ဆောင်ရွက်မှုစီမံကိန်းရေးဆွဲရေး မူဘောင် |
| DEPT | - | ပညာရေးစီမံကိန်းရေးဆွဲရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| DBEs | - | အခြေခံပညာရေးဦးစီးဌာနများ |
| DLI | - | ငွေထုတ်ပေးမှုနှင့်ဆက်စပ်သော ညွှန်းကိန်း |
| GoM | - | မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာန |
| EFA-NAP | - | နိုင်ငံသားအားလုံးအတွက် မြန်မာနိုင်ငံပညာရေးလုပ်ငန်းစီမံကိန်း |
| EGRA | - | ကျောင်းတက်စ အတန်းစာဖတ်စွမ်းရည် ဆန်းစစ်မှု |
| EGD | - | ဇဟိုပြုအုပ်စုဆွေးနွေးပွဲ |
| PTA | - | မိဘဆရာအသင်း |
| SA | - | လူမှုရေးဆန်းစစ်ချက် |
| SPC | - | ကျောင်းအစီအစဉ်ကော်မတီ |
| TEO | - | မြို့နယ်ပညာရေးမှူး |
| TPWG | - | မြို့နယ်အစီအစဉ်လုပ်ငန်းအုပ်စု |

## က။ အစီအစဉ်နောက်ခံ။ ။ဗဟိုချုပ်ကိုင်မှုလျှော့ချထားသောကျောင်းရံပုံငွေထောက်ပံ့ရေးအစီအစဉ်

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန (ပညာရေးဝန်ကြီးဌာန) သည် လက်ရှိတွင် ပညာရေးအတွက် ရန်ပုံငွေထောက်ပံ့မှုကို အမျိုးသားအစီအစဉ် ၂-ခုဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချပေးလျက်ရှိသည်။ (၁) ကျောင်းရှိ မူလတန်းကျောင်းသားများ ဦးရေပေါ်အခြေခံ၍ အမျိုးမျိုးသော လည်ပတ်မှုအသုံးစရိတ်များအတွက် ရန်ပုံငွေထောက်ပံ့မှုကို မြို့နယ်များမှတစ်ဆင့် ကျောင်းများသို့ လွှဲပြောင်းပေးသည်။ (၂) ဆင်းရဲသော ကလေးငယ်များနှင့် ထူးချွန်သောကျောင်းသားများအတွက် ငွေသားထောက်ပံ့ကြေးကျခံရန် မြို့နယ်များနှင့် ကျောင်းများမှတစ်ဆင့် ရန်ပုံငွေထောက်ပံ့မှုကို လွှဲပြောင်းပေးသည်။

အဆိုပါ အစပျိုးဆောင်ရွက်မှုနှစ်ရပ်စလုံးကို ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွင်း ဝန်ကြီးဌာန၏ အမိန့်ဒီကရီဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဒီကရီများသည် ရန်ပုံငွေများ၏ ပမာဏများနှင့် စီးဆင်းမှု၏ အခြေခံမူဘောင်ကို တည်ဆောက်ခဲ့သော်လည်း မည်သည့်အစပျိုး ဆောင်ရွက်မှုတွင်မှ ရည်ရွယ်ချက်များ၊ တာဝန်ဝတ္တရား အသေးစိတ်ဖော်ပြချက်များ၊ လုပ်ဆောင်ချက်ညွှန်းကိန်းများ သို့မဟုတ် ပညာရေးစနစ်တွင် ယင်းတို့၏ သက်ရောက်မှုကို စောင့်ကြည့်ကြီးကြပ်ရေး ပြဋ္ဌာန်းချက်များနှင့်အတူ ယခင်ပုံမှန်အစီအစဉ်များကဲ့သို့ ချမှတ်ထားခြင်း မရှိပေ။ ထိုအစီအစဉ်များသည် အမည်ခံအားဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံသည်ဟုဆိုသော်လည်း အစီအစဉ်နှစ်ရပ်စလုံး၏ ရန်ပုံငွေ ခွင့်ပြုချက်ပမာဏမှာ နည်းပါးသည်။

ကျောင်းထောက်ပံ့ရေး အစီအစဉ်သည် မူလတန်းပညာ (သူငယ်တန်းမှ စတုတ္ထတန်းအထိ) အခမဲ့သင်ကြားရန် အစိုးရ၏ ဆုံးဖြတ်ချက်အရ ၂၀၀၉/၂၀၁၀ ခုနှစ် ပညာသင်နှစ်တွင် စတင်ကာ အစပျိုးဆောင်ရွက်ခဲ့ပြီး ကျောင်းများ၏ လည်ပတ်မှု ရန်ပုံငွေအဆင်ပြေရေးကို အထောက်အကူပြုရန် ရည်ရွယ်ခဲ့သည်။ ယင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ လွှမ်းခြုံခဲ့ပြီး လျင်မြန်စွာ ရှင်သန်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာနိုင်ငံရှိ အစိုးရက ထောက်ပံ့သော ကျောင်းအားလုံးသည် ကျောင်းထောက်ပံ့ကြေးရရှိရန် သတ်မှတ်ချက်နှင့် ပြည့်စုံသည်။ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် ပျမ်းမျှအားဖြင့် အငယ်စားစာသင်ကျောင်း တစ်ကျောင်းစီအတွက် ဒေါ်လာ ၂၅၀၊ အလတ်စားစာသင်ကျောင်း တစ်ကျောင်းစီအတွက် ဒေါ်လာ ၄၀၀ နှင့် အကြီးစားစာသင်ကျောင်း တစ်ကျောင်းစီအတွက် ဒေါ်လာ ၅၀၀ ကို ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးခဲ့သည်။[၁] ခြုံ၍ဆိုရလျှင် ၂၀၁၂-၁၃ ပညာသင်နှစ်၌ ကျောင်းပေါင်း ၄၀,၀၀၀ ကျော်သည် ဒေါ်လာ ၁၅-သန်းနှင့်ညီမျှသော ထောက်ပံ့ငွေကို ရရှိခဲ့သည်။ မြန်မာနိုင်ငံအစိုးရ (GoM) သည် ကျောင်းထောက်ပံ့ငွေကို လွန်ခဲ့သောနှစ်က ဘတ်ဂျက်ခွင့်ပြုချက်ထက် ၂-ဆတိုးကာ ၂၀၁၃-၁၄ ခုနှစ် ပညာသင်နှစ်တွင် သုံးစွဲခဲ့သည်။ သို့ရာတွင် ကျောင်းများအား ဘတ်ဂျက်ခွင့်ပြုချက်သည် ဒေသဆိုင်ရာ စံနှုန်းများထက် နည်းပါးနေသေးသည်။ အိမ်နီးချင်းနိုင်ငံများ (ဗီယက်နမ်၊ ကမ္ဘောဒီယားနှင့် လာအို) ရှိ ကျောင်းထောက်ပံ့ကြေး အစီအစဉ်များသည် မူလတန်းကျောင်း တစ်ကျောင်းစီအတွက် နှစ်စဉ် ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ အထိ ထောက်ပံ့သည်။

---

[၁] ၂၀၁၂-၁၃ ခုနှစ်တွင် အငယ်စားကျောင်းများကို (မည်သည့်ပုံစံမျိုးမဆို) မူလတန်းကျောင်းသား ၁၀၀-အောက်ရှိလျှင် ကျောင်းဟု သတ်မှတ်သည်။ မူလတန်းကျောင်းသား ၁၀၁-ဦးနှင့် ၂၀၀-ဦးအကြားရှိကျောင်းကို အလတ်စားကျောင်းဟု သတ်မှတ်ပြီး မူလတန်းကျောင်းသား ၂၀၀ နှင့် အထက်ရှိသော ကျောင်းကို အကြီးစားကျောင်းဟု သတ်မှတ်သည်။ အထက်ပါ ခန့်မှန်းချက်များကို ကျောင်းအဆင့်၌ သုံးစွဲသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပေါ် မူတည်တွက်ချက်သည်။ (စုစုပေါင်း ၁၃.၉ ဘီလီယံကျပ်)။

ကျောင်းထောက်ပံ့ကြေး အစီအစဉ်သည် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ (ကျောင်းများသို့ တိုက်ရိုက် လွှဲပြောင်းပေးသည်) နှင့်ပတ်သက်၍ ရန်ပုံငွေကျခံပြီး ဖြည့်စွက်ထောက်ပံ့ကြေးများကို ကျောင်းပြုပြင်ထိန်းသိမ်းရေး အတွက် သီးခြားထောက်ပံ့ရာ ထိုပမာဏမှာ ၂၀၁၂-၁၃ ခုနှစ်တွင် ဒေါ်လာ ၃၇.၆ သန်း (တစ်ကျောင်းလျှင် ဒေါ်လာ ၉၄၀-ခန့်) ရှိသည်။ ထို့ကြောင့် ကျောင်းထောက်ပံ့ရေး အစီအစဉ်သည် မည်သည့် မြို့ပြလုပ်ငန်းကိုမျှ အထောက်အပံ့ မပေးပါ။

ပြည်ပအလှူရှင် အထောက်အပံ့သည် မြန်မာနိုင်ငံအား အဆိုပါကျောင်းထောက်ပံ့ရေး အစီအစဉ်အား ဒေသ ဆိုင်ရာ စံများနှင့်အညီ ခိုင်မာတောင့်တင်းစေရေးတွင် အထောက်အကူပြုမည်ဖြစ်ပြီး အရင်းအမြစ်များ မည်မျှ သုံးစွဲနိုင် သည်( ပစ္စည်းများနှင့် ဝန်ဆောင်မှုများဘတ်ဂျက်နှင့် ပြုပြင်ထိန်းသိမ်းမှု နှစ်ရပ်စလုံးအတွက်) ကို ကျောင်းအုပ် ဆရာကြီးများနှင့် ရပ်ရွာများက ဝင့်ကြွားပြောဆိုနိုင်စေပေသည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ်သည်လည်း တစ်နိုင်ငံလုံး လွှမ်းခြုံသော်လည်း ဘဏ္ဍာငွေထောက်ပံ့မှု အရွယ်အစားနှင့် အကျိုးခံစားရသော ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့်ပတ်သက်၍ နည်းပါးပါသည်။ လက်ရှိ အားဖြင့် မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း ၃၃၀ မှ တစ်မြို့နယ်လျှင် ကျောင်းသား၊ ကျောင်းသူ ၃၃-ဦးခန့်သာ ခံစားကြရ ပါသည်။ ကျောင်းသား၊ ကျောင်းသူပေါင်း ၁၁,၀၀၀-ဦးခန့်သာ ပညာသင်ထောက်ပံ့ကြေး ရရှိကြပါသည်။၂၀၁၃-၁၄ ပညာသင်နှစ်တွင် အစိုးရသည် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ထောက်ပံ့ကြေး ရရှိသော ကျောင်းသား အရေအတွက်ကို နှစ်ဆမြှင့်တင်ရန် စီစဉ်ထားရာ ပညာသင်ထောက်ပံ့ကြေးရရှိမည့် ကျောင်းသားဦးရေသည် ၁၆,၀၀၀ အထိ မြင့်တက်လာဖွယ် ရှိသည်။ ပညာသင်ထောက်ပံ့ကြေး ပမာဏမှာ မူလတန်းကျောင်းသားများအတွက် တစ်လ လျှင် ၅-ဒေါ်လာ၊ အလယ်တန်းကျောင်းသားများအတွက် တစ်လလျှင် ၆-ဒေါ်လာနှင့် အထက်တန်းကျောင်းသားများ အတွက် တစ်လလျှင် ၈-ဒေါ်လာ ဖြစ်သည်။ တစ်နိုင်ငံလုံး၏ ပညာသင်ထောက်ပံ့ကြေးအတွက် လက်ရှိအားဖြင့် နှစ်စဉ် ခွင့်ပြုငွေမှာ ဒေါ်လာ ၇၀၀,၀၀၀ ခန့် ဖြစ်သည်။ ပညာသင်ဆု ထောက်ပံ့ရေးအတွက် မြို့နယ်များက ရွေးချယ်ထား သော ကျောင်းများကို ချီးမြှင့်ပြီး ကျောင်းအုပ်ကြီးများနှင့် အခြားသော ကျောင်းအရာရှိများက ရွေးချယ်ထားသော ဆင်းရဲသည့် မိသားစုများနှင့် မိဘမဲ့များအတွက် အုပ်ထိန်းသူများကို ခွဲဝေပေးသည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ် အကောင်အထည်ဖော်မှုသည် မြို့နယ်များတစ်လျှောက်နှင့် မြို့နယ်များ အတွင်းတွင်ပင် မျှတမှု မရှိပေ။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးမှုပေါ်တွင် ကျယ်ပြန့်စွာ အခြေပြု၍ အမျိုးအစားပေါင်းစပ် သတ်မှတ်ထားသော်လည်း အခြားစံနှုန်း မရှိပေ။ ပညာသင် ထောက်ပံ့ကြေး အစီအစဉ်အတွက် ကျောင်းသားများ၏ အမည်စာရင်းတင်သွင်းရန် ကျောင်းများကို တိုက်တွန်း အားပေးပြီး အမည်စာရင်း တင်သွင်းထားသော ကျောင်းသားများထဲမှ ရွေးချယ်ခြင်းကို မြို့နယ်အဆင့်တွင် ဆောင်ရွက် သည်။ ကျောင်းများတစ်လျှောက် ပညာသင်ထောက်ပံ့ကြေးခွင့်ပြုရန် တည်ရှိဆဲ လမ်းညွှန်ချက်များနှင့်အညီ ကော်မတီ ဖွဲ့စည်းရန် ကျောင်းများသို့ တိုက်တွန်းထားသည်။ သို့ရာတွင် ကျောင်းသားများ ရွေးချယ်ရေးလက်တွေ့လုပ်ငန်းများ သည် တစ်ညီတစ်ညွတ်တည်း မဟုတ်ကြပေ။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင် ကျောင်းအရာရှိများက မိဘဆရာအသင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် ကျောင်းရန်ပုံငွေအဖွဲ့နှင့် တိုက်ပင်ဆွေးနွေးပြီး ပညာသင် ထောက်ပံ့ကြေးကို ချီးမြှင့်ကြသည်။ ထိုသို့ တိုင်ပင်ဆွေးနွေးခြင်းပြုလုပ်ရန် လုပ်ပိုင်ခွင့် သတ်မှတ်မထားပေ။

အဆိုပါ အစီအစဉ်များအတွက် ဗဟိုရန်ပုံငွေများအား ပညာရေးဝန်ကြီးဌာန မှ မြို့နယ်ပညာရေးမှူးများ (TOEs) သို့ လွှဲပြောင်း ပေးသည်။ ကျောင်းထောက်ပံ့ကြေး အစီအစဉ်အတွက် ထိုရန်ပုံငွေများသည် ကျောင်းများသို့ရောက်ရှိပြီး ရိုးရှင်းသော လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ချက်ညီသော ကိစ္စရပ်များတွင်

အသုံးပြုမှု သေချာစေရေးကို မြို့နယ်တစ်ခုချင်းစီ က တာဝန်ယူရသည်။ ယေဘုယျအားဖြင့် မြို့နယ်များသည် ကျောင်းများသို့ ရန်ပုံငွေများကို ငွေသားဖြင့်ပင် ထုတ်ပေး ကြသည်။ လက်ရှိအားဖြင့် ကျောင်းများသည် ရန်ပုံငွေလက်ခံရရှိရေးအတွက် ဘတ်ဂျက် သို့မဟုတ် အစီအစဉ်များ ရေးဆွဲရန် မလိုပါ။ ကျောင်းများက ဝယ်ယူမှုများကို စာရင်းစာအုပ်များတွင် မှတ်တမ်းတင်ထားပြီး မြို့နယ်ပညာရေးမှူး က ကြီးကြပ်စစ်ဆေးသည်။

အဆိုပါ အစီအစဉ်များ တိုးချဲ့ရေးနှင့် တိုးတက်ရေးအတွက် ငွေကြေးနှင့် နည်းပညာအကူအညီပေးရန် ကမ္ဘာ့ဘဏ်နှင့် သြစတြေးလျ အစိုးရတို့သို့ ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။ အောက်ပါတို့သည် ပညာရေးဝန်ကြီးဌာန အစီအစဉ်များအတွက် ရန်ပုံငွေကျခံသော အလှူရှင်စီမံကိန်းကို ဖော်ပြထားခြင်း ဖြစ်သည်။

## ၁။ အစီအစဉ်၏ရည်ရွယ်ချက်

ဤရန်ပုံငွေ (ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် ဗဟိုချုပ်ကိုင်မှုလျော့ချထား ကျောင်းရံပုံငွေထောက်ပံ့ရေး အစီအစဉ်) ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ကျောင်းထောက်ပံ့ကြေးနှင့် ကျောင်းသားပညာသင်ဆု အတွက် လက်ရှိအစီအစဉ်များ တိုးတက်စေရန်နှင့် တိုးချဲ့ရန်အတွက် ကူညီရန် ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်သည် (က) အစီအစဉ်များ၏ ဒီဇိုင်းများ တိုးတက်စေခြင်း (ခ) ယင်းတို့၏ လွှမ်းခြုံမှုကို တိုးချဲ့ခြင်း (ဂ) ယင်းတို့၏ ဘဏ္ဍာရေး တည်ငြိမ်ခိုင်မာမှု မြင့်မားစေခြင်းနှင့် (ဃ) ယင်းတို့ကို အကောင်အထည်ဖော်ရေးနှင့် တိုးတက်မှု စောင့်ကြည့်ကြီးကြပ်ရေးတွင် ပညာရေး ဝန်ကြီးဌာန၏ စွမ်းရည်တည်ဆောက်ခြင်းတို့ဖြင့် အောင်မြင်လာမည် ဖြစ်သည်။

## ၂။ ထောက်ပံ့မည့် အစီအစဉ်များ

ပြည်ပရန်ပုံငွေထောက်ပံ့မှုသည် ပညာရေးဝန်ကြီးဌာန ၏ လက်ရှိရန်ပုံငွေခွင့်ပြုချက်တွင် သီးခြားအစီအစဉ် ၃-ခုကို ထောက်ပံ့ရန် ထည့်ဝင်ဖြည့်ဆည်းမည် ဖြစ်သည်။ ထိုအစီအစဉ်များမှာ (၁) ပညာရေးဝန်ကြီးဌာန ၏ လက်ရှိ အမျိုးသားကျောင်းများ ထောက်ပံ့ရေး အစီအစဉ်ကို တိုးချဲ့ကာရန်နှင့် အစိုးရက ထောက်ပံ့သောကျောင်းများအားလုံး အကျိုးခံစားခွင့်ရရှိရေး (၂) ၃-နှစ် စီမံကိန်းကာလအတွင်း မြို့နယ် ၄၀ ကို ဗဟိုပြုလျက် ကျောင်းသား ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို တိုးချဲ့ရန်နှင့် (၃) ထိုအစီအစဉ်များ အကောင်အထည်ဖော်ရေးနှင့် ကြီးကြပ်ရေးတို့အတွက် ယင်း၏ စွမ်းရည်ခိုင်မာ တောင့်တင်းစေရန်အပြင် ကျောင်းတက်စ အတန်းစာဖတ်စွမ်းရည် ဆန်းစစ်မှုအခြေခံကို ဆောင်ရွက်ခြင်းဖြင့် အနာဂတ် အစီအစဉ်များတွင် သင်ယူမှုရလဒ်များအပေါ် ပိုမိုအာရုံစူးစိုက်ရေးအတွက် အခြေခံအုတ်မြစ်ချရန်တို့ ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် အစီအစဉ်ဒီဇိုင်း စောင့်ကြည့်ကြီးကြပ်မှုနှင့် တန်ဖိုးသတ်မှတ်မှုတို့ကို အထောက်အကူပြုရန် အလားတူနည်းပညာအကူအညီ အစီအစဉ်ကို စီမံခန့်ခွဲမည်ဖြစ်ပြီး ဘဏ်က စီမံကွပ်ကဲသော အလှူရှင်ပေါင်းစုံ အုပ်ထိန်းရေးအဖွဲ့ ရန်ပုံငွေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘဏ်က စီမံကွပ်ကဲမည် ဖြစ်သည်။

**ကျောင်းထောက်ပံ့ကြေးများ အစီအစဉ် တိုးချဲ့ရေးနှင့် တိုးတက်ရေး (ဒေါ်လာ ၅၂-သန်း)**

အစိုးရက လက်ရှိရန်ပုံငွေထောက်ပံ့ထားသော မူလတန်းကျောင်းသားများရှိသည့် ကျောင်းအားလုံးသည် ကျောင်းထောက်ပံ့ကြေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရေးအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီပါသည်။ ထို့ကြောင့်

ယင်းအစီအစဉ်ကို တိုးချဲ့ခြင်းသည် ကျောင်းများသို့ နှစ်စဉ် လည်ပတ်လုပ်ဆောင်ပေးသော ထောက်ပံ့ကြေးပမာဏကို အငယ်စား၊ အလတ်စားနှင့် အကြီးစားကျောင်းတစ်ကျောင်းလျှင် US$ ၂၅၀၊ ၄၀၀ နှင့် ၅၀၀ အသီးသီးမှ US$ ၉၀၀၊ ၁၂၀၀ နှင့် ၁၈၀၀ အထိ ၃-နှစ်အတွင်း တိုးမြှင့်သွားရန် ရည်ရွယ်ပါသည်။[၂] အစီအစဉ်ကို တိုးတက်စေခြင်းဆိုသည်မှာ ကမ္ဘာ့အတွေ့အကြုံများမှ ဆန်းသစ်တီထွင်မှုများနှင့် မိတ်ဆက်ပေးခြင်းအပြင် အစီအစဉ်၏ ယုံမှတ်အပ်နှံမှု စီမံခန့်ခွဲရေး အထူးသဖြင့် ယင်း၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု တိုးတက်စေခြင်းတို့ပင် ဖြစ်သည်။ ဆန်းသစ်တီထွင်မှုများကို အစီအစဉ်၏ လမ်းညွှန်ချက်များအား ပြင်ဆင်တည်းဖြတ်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ဖြင့် မိတ်ဆက်ပေးသွားမည် ဖြစ်သည်။ သီးခြား ဆန်းသစ်တီထွင်မှုများတွင် (၁) တိကျသေချာစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော အစီအစဉ် ရည်ရွယ်ချက်များနှင့် လုပ်ဆောင်မှု ညွှန်းကိန်းများအား မိတ်ဆက်ပေးခြင်း (၂) ထောက်ပံ့ကြေးရန်ပုံငွေကို ကျောင်းဖွံ့ဖြိုးရေးစီမံကိန်းနှင့် တွဲစပ်ခြင်း (၃) ကျောင်းအဆင့် အသုံးစရိတ်ကျခံရာတွင် ကိုယ်ပိုင်စီမံခွင့် မြှင့်တင်ပေးရေးနှင့် မိတ်ဆက်ပေးခြင်း (၄) ရပ်ရွာအပါအဝင် ဆောင်ရွက်မှုတိုးတက်စေခြင်းနှင့် မိဘဆရာအသင်းများမှ တစ်ဆင့် ကြီးကြပ်ခြင်း (၅) ဘဏ္ဍာရေး အစီရင်ခံမှုကို စံချိန်စံညွှန်း ကိုက်ညီစေခြင်း (၆) စာရင်းစစ်ဆေးမှုအတွက် ပြဋ္ဌာန်းချက်များနှင့် (၇) အစီအစဉ် တိုးတက်မှုအစီရင်ခံခြင်းကို ပညာရေးဝန်ကြီးဌာန ၏ ကိုယ်ပိုင်သတင်းစနစ်များနှင့် ချိတ်ဆက်ခြင်းတို့ ပါဝင်သည်။

**ကျောင်းသားပညာသင်ထောက်ပံ့ရေး အစီအစဉ်တိုးချဲ့ခြင်းနှင့် တိုးတက်စေခြင်(US$ ၂၁-သန်း)။**

မြန်မာနိုင်ငံရှိ အစိုးရက ထောက်ပံ့သော ကျောင်းအားလုံးသည် သာမန်အားဖြင့် လက်ရှိ ကျောင်းသားပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွင် ပါဝင်ခွင့်သတ်မှတ်ချက်နှင့် ကိုက်ညီသော်လည်း အစီအစဉ်၏ အရွယ်အစားမှာ သေးငယ်ပြီး (တစ်နိုင်ငံလုံးတွင် ပညာသင်ထောက်ပံ့ကြေးရမည့်သူ ၁၁,၀၀၀) ဆိုလိုသည်မှာ ကျောင်းအများစုက ပညာသင်ထောက်ပံ့ကြေး လျှောက်ထားကြပြီး ကျောင်းအနည်းငယ်သာ အစီအစဉ်တွင် ပါဝင်ရန် ရွေးချယ်ခံကြရကာ ပါဝင်သော ကျောင်းများသည်လည်း များသောအားဖြင့် ထောက်ပံ့ကြေးရ ကျောင်းသား ၂-ဦးထက် မပိုပေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားပညာသင်ထောက်ပံ့ကြေး လမ်းညွှန်ချက်သစ်များတွင် တစ်ကျောင်းစီအတွက် လွှမ်းခြုံမှုတွင် မြင့်တက်လာစေရေးနှင့် ပိုမိုတင်းကျပ်သော သတ်မှတ်ချက်နှင့် စီမံအုပ်ချုပ်မှုတို့ ပါဝင်လာမည် ဖြစ်သည်။ အစီအစဉ်သည် အချိန်အခါအလျောက် သတ်မှတ်ထားသော မြို့နယ်အရေအတွက်အတွင်းရှိ ကျောင်းများနှင့် ကျောင်းသားများကိုသာ ပိုမိုတိုးချဲ့သွားမည် ဖြစ်သည်။ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို မြို့နယ် ၈-မြို့နယ်သို့ တိုးချဲ့သွားမည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်တွင် ကျောင်းများ၏ (၆၀%) နှင့် စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသား (၃၀%) ကို လွှမ်းခြုံမည်ဟု မျှော်မှန်းထားသည်။ ဆက်လက်၍ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ၁၂-မြို့နယ်နှင့် ၂၀၁၆-၁၇ ပညာသင်နှစ်တွင် မြို့နယ် ၂၀ တိုးချဲ့သွားမည်ဖြစ်ရာ ၃-နှစ်ကျော် အတွင်း စုစုပေါင်းမြို့နယ် ၄၀ (မြို့နယ်ပေါင်း ၃၃၀ အနက်မှ) ကို ထောက်ပံ့ပေးမည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန က ထောက်ပံ့ သော စုစုပေါင်းပညာသင်ထောက်ပံ့ကြေးရ ကျောင်းသားအရေအတွက်သည် လက်ရှိ ၁၁,၀၀၀ ရှိရာမှ ၃-နှစ်ကျော် ကာလအတွင်း ၂၀၀,၀၀၀ ခန့်အထိ (မြန်မာနိုင်ငံ ပညာရေးစနစ်တွင် ကျောင်းသားစုစုပေါင်း ၈.၂-သန်းခန့် ပါဝင်သည်) မြင့်တက်လာမည်ဟု မျှော်မှန်းထားသည်။ ငွေထုတ်ပေးမှုနှင့်ဆက်စပ်သော ညွှန်းကိန်း

---

[၂] ပညာရေးဝန်ကြီးဌာန သည် အမျိုးအစား ၃-မျိုး (အငယ်စား၊ အလတ်စားနှင့် အကြီးစား) ကို အစီအစဉ်၏ ပထမနှစ်အတွင်း အကြီးစားကျောင်းများကို ပိုမို ထောက်ပံ့နိုင်ရန်အတွက် အမျိုးအစား ပိုမိုခွဲခြားကာ ပြန်လည်သတ်မှတ်ရန် စဉ်းစားလျက်ရှိသည်။ ဘဏ်ကလည်း ထိုသို့ ပြောင်းလဲသတ်မှတ်ခြင်း ကို ထောက်ခံသည်။

(DLI) လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ကမ္ဘာ့ဘဏ်နှင့် သဘောတူညီမှု ရရှိစေရန် မြို့နယ်များအား ကျောင်းထွက်နှုန်းများနှင့် ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်းများကို အခြေခံကာ ရွေးချယ်သွားမည် ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ် တိုးတက်စေခြင်းဆိုသည်မှာ ကမ္ဘာ့အတွေ့အကြုံများမှ ဆန်းသစ်တီထွင်မှုများနှင့် မိတ်ဆက်ပေးခြင်းအပြင် အစီအစဉ် ရန်ပုံငွေ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု တိုးတက်စေခြင်းတို့ပင် ဖြစ်သည်။ အစီအစဉ် ဆန်းစစ်ချက်များက အစီအစဉ်ဒီဇိုင်းနှင့် အကောင်အထည်ဖော်ရေး တိုးတက်စေနိုင်သော နည်းလမ်းများကို အကြံပြုထားသည်။ အမျိုးသားအစီအစဉ်သည် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း အတန်းအာလုံးသို့ ပညာသင်ထောက်ပံ့ကြေး ခွင့်ပြုထားသည်။ အချက်အလက်ရင်းမြစ် မြောက်များစွာတို့မှ အထောက်အထားက တတိယတန်းမတိုင်မီ ကျောင်းထွက်သည့်နှုန်းမှာ နည်းပါးပြီး မူလတန်းမှ အလယ်တန်းသို့၊ အလယ်တန်းမှ အထက်တန်းသို့ အဓိက အကူးအပြောင်းကာလများတွင် ကျောင်းထွက်နှုန်း မြင့်မားကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ပြင်ဆင်တည်းဖြတ်ထားသော အစီအစဉ်သည် ကျောင်းထွက်နှုန်းမြင့်မားစွာ ပေါ်ပေါက်လေ့ရှိသော စတုတ္ထတန်းမှ ဒသမတန်းရှိ ကလေးငယ်များအပေါ်တွင် အလေးပေးမည် ဖြစ်သည်။ ထို့ပြင် ပညာသင်ထောက်ပံ့ကြေး တန်ဖိုးသည် အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းများတွင် ဆက်လက်မြင့်တက်လာမည် ဖြစ်သည်။ ထိုသို့ မြင့်တက်လာခြင်းသည် ကလေးငယ်တစ်ဦးအနေဖြင့် ပညာရေးစနစ်တစ်လျှောက် တိုးတက်လာရာ အခွင့်အလမ်းနှင့် ကုန်ကျသော တိုက်ရိုက်စရိတ်များ မြင့်မားလာမှုကို ထင်ဟပ်စေရန် ရည်ရွယ်၍ ဖြစ်သည်။ ကျောင်းထောက်ပံ့ကြေးများနှင့်အတူ အစီအစဉ်၏ လမ်းညွှန်ချက်များ ပြင်ဆင်တည်းဖြတ်ခြင်းနှင့် မွမ်းမံသင်တန်းများပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုများကို အစီအစဉ်သို့ မိတ်ဆက်ပေးလိမ့်မည် ဖြစ်သည်။ သီးခြား ဆန်းသစ်တီထွင်မှုများတွင် (၁) ကောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော အစီအစဉ် ရည်ရွယ်ချက်များနှင့် လုပ်ဆောင်မှု ညွှန်းကိန်းများအား မိတ်ဆက်ပေးခြင်း၊ (၂) အထောက်အထားအခြေပြု၍ အစပျိုး မြို့နယ်များရွေးချယ်ခြင်း၊ (၃) မြို့နယ်များအတွင်း၌ ကျောင်းများနှင့် ကျောင်းသားများကို အထောက်အထားအခြေပြု၍ သတ်မှတ်ခြင်း၊ (၄) ခွင်းချက်ပြုနိုင်မှု၏ ပိုမိုကောင်းမွန်သော အဓိပ္ပာယ်နှင့် ဆက်သွယ်မှုအပြင် ယေဘုယျအားဖြင့် အစီအစဉ်၏ ပိုမိုကောင်းမွန်သော အဓိပ္ပာယ်နှင့် ဆက်သွယ်မှု၊ (၅) ရပ်ရွာပါဝင်ဆောင်ရွက်မှုနှင့် ကြီးကြပ်မှု၊ (၆) စာရင်းစစ်ဆေးရေးအတွက် ပြဌာန်းချက်များနှင့် မိတ်ဆက်ပေးခြင်းနှင့် (၇) အစီအစဉ် တိုးတက်မှုအစီရင်ခံခြင်းကို ပညာရေးဝန်ကြီးဌာန ၏ ကိုယ်ပိုင်သတင်းစဉ်များနှင့် ချိတ်ဆက်ခြင်း တို့ပါဝင်သည်။

**အစီအစဉ်များ ကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်မှု တောင့်တင်းခိုင်မာစေရန် စွမ်းရည်တိုးတက်မှု အထောက်အပံ့ (US$ ၇-သန်း)။** ဤစီမံကိန်းသည် လေ့ကျင့်သင်ကြားရေးနှင့် ကျောင်းတက်စအတန်း စာဖတ်စွမ်းရည် အစပြုဆန်းစစ်မှုဆောင်ရွက်ရေးတို့အပေါ်တွင် ဗဟိုပြုမည် ဖြစ်သည်။ လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ ၂၀၁၄-၁၅ ပညာသင်နှစ်အတွင်း အမျိုးသားလေ့ကျင့်သင်ကြားပေးရေး အစီအစဉ်ဒီဇိုင်းကို ပညာရေးဝန်ကြီးဌာန က ရေးဆွဲပြီး စတင် အကောင်အထည်ဖော်မည် ဖြစ်သည်။ ရည်ရွယ်ချက်မှာ - ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အသစ်အား မြို့နယ်အရာရှိများနှင့် ကျောင်းအုပ်ဆရာကြီးများသို့ မိတ်ဆက်ပေးရန် ဖြစ်သည်။ အစီအစဉ် လမ်းညွှန်ချက်များ ကြိုတင်ပြင်ဆင်ရေးအတွက် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစီအစဉ်တွင် ပါဝင်သော အကြောင်းအရာကို ပြုစုမည် ဖြစ်သည်။ ကျောင်းထောက်ပံ့ကြေးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် UNICEF က မိတ်ဆက်ပေးပြီးဖြစ်သော အလားတူ သင်တန်းအစီအစဉ်များ၏ နမူနာမှာ အကျိုးကျေးဇူးရရှိမည် ဖြစ်သည်။ သင်တန်း အစီအစဉ်ကို UNICEF က အသုံးပြုသော ရေတံခွန်ပုံစံအတိုင်း ဆောင်ရွက်မည်ဟု မျှော်မှန်းထားသည်။ ထိုပုံစံတွင် သင်တန်းပို့ချသူများကို ဗဟိုအဆင့်တွင် သင်တန်းပေးပြီး ၎င်းတို့တွင် တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်အဆင့်များ တွင် သင်တန်းများ

ဖြန့်ဖြူးပေးရန် တာဝန်ရှိခြင်းပင် ဖြစ်သည်။ ၃-နှစ်ကာလအတွက် ပညာရေးဝန်ကြီးဌာန သည် မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်ပညာရေးမှူးများနှင့် ငွေစာရင်း စာရေး ၁,၀၀၀-ခန့်နှင့် ကျောင်းအုပ်ကြီး ၄၃,၀၀၀ ခန့်ကို လေ့ကျင့်သင်တန်းပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

ကျောင်းသားများ သင်ယူရေးအောင်မြင်မှုနှင့် တိုးတက်မှုကို ရယူသော ဆန်းစစ်မှုအချက်အလက်များသည် ကျောင်းစီမံကိန်း ရေးဆွဲခြင်းနှင့် ထိရောက်သော အရင်းအမြစ် သတ်မှတ်ခြင်းတို့အတွက် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည်။ စီမံကိန်းရေးဆွဲစဉ် ကာလအတွင်း အခြေခံပညာဦးစီးဌာန အမှတ် (၃) (ရန်ကုန်နယ်မြေ) ရှိ ကျောင်းတက်စအတန်း စာဖတ်စွမ်းရည် ဆန်းစစ်မှု (EGRA) ကနဦး အခြေခံသတ်မှတ်ချက်ကို ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်က ပညာရေးဝန်ကြီးဌာန သို့ နည်းပညာ အကူအညီနှင့် အုပ်ထိန်းရေးအဖွဲ့ ရန်ပုံငွေတို့ကို ကူညီပေးလျက်ရှိသည်။ ထို ဆန်းစစ်ချက်သည် ဖန်နဝါရီလတွင် ပြီးစီးမည်ဖြစ်ပြီး အစီရင်ခံစာအပြည့်အစုံနှင့် ပြည်သူလူထုတင်ပြမှုကို ၂၀၁၄-ခုနှစ်၊ ဖွန်လတွင် ပြီးစီးအောင် ဆောင်ရွက်မည် ဖြစ်သည်။ Save the Children Myanmar သည် အဆိုပါ အစပျိုး ဆောင်ရွက်မှုအတွက် နည်းပညာအကူအညီပေးခဲ့ပြီး ဆန်းစစ်မှုစီမံခန့်ခွဲရန် အထောက်အကူပြုခဲ့သည်။ ၃-နှစ်တာ စီမံကိန်းကာလအတွင်း ပညာရေးဝန်ကြီးဌာန သည် စီမံကိန်း၏ ကဏ္ဍတစ်ရပ်အဖြစ် အခြေခံသတ်မှတ်ချက် ဆန်းစစ်မှုများကို DBE ၁ နှင့် ၂ (အောက်နှင့် အထက်မြန်မာနိုင်ငံ) တို့တွင် ဆောင်ရွက်ကာ မြန်မာနိုင်ငံအဟ့မ်းရှိ ကျောင်းတက်စအတန်းရှိ ကလေးငယ်များ၏ စာဖတ်စွမ်းရည် ဖြန့်ဝေမှု၏ အစီအစဉ်အပြည့်အစုံကို ဖြည့်ဆည်းပေးမည် ဖြစ်သည်။ ထိုစီမံကိန်း၏ ရန်ပုံငွေသည် စာရင်းကောက်ယူသူများ (ဆရာအတတ်သင်ကောလိပ်မှ ဘွဲ့ရသူများ ဖြစ်ဖွယ်ရှိသည်) အတွက် ခရီး စရိတ်နှင့် ခွင့်ပြုစရိတ်များကို ကူညီပေးမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် မိသားစုနည်းပညာ အကူအညီအစီအစဉ် (အောက်တွင် ကြည့်ပါ) ဖြင့် နည်းပညာအကူအညီကို ဆက်လက်ဖြည့်ဆည်းပေးသွားမည် ဖြစ်သည်။

**ကမ္ဘာ့ဘဏ်က စီမံဆောင်ရွက်သော အလားတူနည်းပညာအကူအညီ အစီအစဉ်။** ပမာဏအားဖြင့် ဒေါ်လာ ၂.၅ သန်းခန့်ရှိသော ကမ္ဘာ့ဘဏ်က စီမံဆောင်ရွက်သော နည်းပညာအကူအညီ အစီအစဉ်အတွက် ရန်ပုံငွေကို အလှူရှင်ပေါင်းစုံ အုပ်ထိန်းရေးအဖွဲ့ ရန်ပုံငွေမှ ရှာဖွေလျက်ရှိပြီး ယင်းသည် လက်ခံရရှိသူ စီမံဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများနှင့် တစ်ပြိုင်တည်း ဆောင်ရွက်မည်ဟု မျှော်လင့်သည်။ အဆိုပါ အရင်းအမြစ်များသည် နည်းပညာ အကူအညီအစီအစဉ်၊ အစီအစဉ်ဒီဇိုင်း၏ အနာဂတ် ပြင်ဆင်တည်းဖြတ်မှုကို အထောက်အကူပြုသော တန်ဖိုးသတ်မှတ်ချက်များအား ပံ့ပိုးရေးလုပ်ငန်းစဉ်၊ အစီအစဉ်အကောင်အထည်ဖော်မှု၊ ခွဲခြမ်းစိတ်ဖြာမှုလုပ်ငန်းများနှင့် ဆန်းစစ်မှုလုပ်ငန်းများအား အနီးကပ်ကြီးကြပ်ခြင်းတို့ဖြင့် ဘဏ်၏ ပုံမှန်ကြီးကြပ်မှုလုပ်ငန်းများကို မြင့်မား တိုးတက်လာစေမည်ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန အစီအစဉ်များအား ပုံမှန်ကြီးကြပ်ခြင်းဖြင့် ပြည့်စုံစေလိမ့် မည် ဖြစ်သည်။ ယင်းလုပ်ငန်းသည် အထောက်အပံ့ပေးထားသော အစီအစဉ်များသည် ၎င်းတို့၏ ယခင် အတွေ့အကြုံ များမှ အဆက်မပြတ်သင်ယူပြီး အချိန်အခါအလျောက် တိုးတက်လာမှု သေချာစေရန် အထောက်အကူပြုရေးကို ရည်ရွယ်သည်။ အဆိုပြုထားသော သင်ယူခြင်းနှင့် တိုးတက်ခြင်းလည်ပတ်မှုသည် အဆင့်အားလုံးရှိ လုပ်ပိုင်ခွင့်ရှိသူ များ၏ ကြီးကြပ်ခြင်းနှင့် အစီအစဉ်ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုအတွင်းရှိ အချက်အလက်များ အသုံးပြုမှုနှင့် အစီအစဉ်လည်ပတ်သည့် ကာလအတွင်း မည်သို့ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ကို ဖော်ပြနိုင်သော စွမ်းရည် တည်ဆောက်ရန် ရည်ရွယ်သည်။

## ဃ။ လူနည်းစု တိုင်းရင်းသားများနှင့် ပညာရေးဆိုင်ရာ တရားဝင်အခွင့်အရေးများ

မြန်မာနိုင်ငံတွင် အစိုးရအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းတို့ပါဝင်သော အဓိက တိုင်းရင်းသားလူမျိုးစု ၈-ခုဟု သတ်မှတ်ထားသော်လည်း ခန့်မှန်းခြေအားဖြင့် လူမျိုးစု ၁၃၀-ကျော် ရှိသည်။ ဗမာလူမျိုး သည် အကြီးမားဆုံးအုပ်စုဖြစ်ပြီး (၆၉%) ခန့်ပါဝင်ကာ ရှမ်း (၈.၅%)၊ ကရင် (၆.၂%)၊ ရခိုင် (၄.၅%)၊ ချင်း၊ (၂.၂%)၊ ကချင် (၁.၄%)နှင့် အခြားလူမျိုးစုများ (၀.၁%) ပါဝင်သည်။[၃] သို့ရာတွင် ၂၀၀၈-ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် တိုင်းရင်းသားလူမျိုးစုများအဖြစ် သတ်မှတ်သော အတည်ပြုထားသည့် လူမျိုးစုစာရင်းကို ထုတ်ပြန်ခြင်း သို့မဟုတ် ပြဋ္ဌာန်းခြင်း မပြုပေ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း-၁၊ အပိုဒ်-၂၂ တွင် နိုင်ငံတော်သည်—

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက် မည်။

( ခ ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

( ဂ ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည် ဟု

ဖော်ပြထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ လူမျိုးစု သို့မဟုတ် တိုင်းရင်းသားလူနည်းစုများအား အတိအလင်းဖော်ပြသော ဥပဒေများ နှင့် စည်းမျဉ်းဥပဒေများ အနည်းငယ်သာ ရှိသည်။

## င။ CPPF ၏ ရည်ရွယ်ချက်

ဤ CPPF ၏ ရည်ရွယ်ချက်သည် ပညာရေးဝန်ကြီးဌာနအား မြင့်မားသော ရပ်ရွာပါဝင်မှုဖြင့် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များ ပွင့်လင်းမြင်သာသော၊ မျှတသော၊ ပါဝင် ဆောင်ရွက်သော၊ စွမ်းရည်ပြည့်စုံသော၊ တိုးတက်မှုရရှိစေရန် လုပ်ငန်းလည်ပတ်မှု မူဘောင်နှင့် ကူညီပေးသွားရန် ဖြစ်သည်။ ဤ ရည်ရွယ်ချက် အောင်မြင်ရန်အတွက်CPPF သည် (၁) တိုင်းရင်းသားလူနည်းစုများအား ကန့်သတ်ထားခြင်း မရှိသော ပါဝင်မှုဖြင့် ဆင်းရဲသားများနှင့် အကျိုးခံစားခွင့် နည်းပါးသောအုပ်စုများသည် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ် များမှ အကျိုးကျေးဇူးခံစားရရှိမှု သေချာစေရန်နှင့် (၂) အစီအစဉ် အကောင်အထည်ဖော်ရာမှ ထွက်ပေါ်လာသော ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိလျှင် ယင်းတို့ကို ရှောင်ကြဉ်ရန် သို့မဟုတ် လျော့ပါးစေရန်တို့ကို ဦးတည်မည်ဖြစ်ပါသည်။

---

[၃] ထိုအချက်အလက်များသည် ၁၉၈၃-ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ ဖြစ်သည်။ လူမျိုးစုအုပ်စုများ၏ ပါဝင်မှုနှင့်ပတ်သက်သော ခိုင်မာသည့် ခေတ်မီအညွှန်းများ မရှိပါ။

ဤ CPPF သည် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှု မူဝါဒ (OP) ၄.၁၀ ၏ လိုအပ်ချက်များကို ဦးတည်သည့် တိုင်းရင်သားများပါဝင်ဆောင်ရွက်မှုရှိသော စီမံကိန်းရေးဆွဲရေးမူဘောင် ကို ထည့်သွင်းအသုံးပြုထားခြင်းဖြစ်သည်။ ဤ CPPF ကို တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများအပါအဝင် အကျိုးခံစားခွင့်ရှိသူများ၏ လိုအပ်ချက်များသေချာစွာပါဝင်နိုင်ရန်၊ လွတ်လပ်ပြီး ကြိုတင် အသိပေး တိုင်ပင် ပြုလုပ်ထား သောပဏာမ လူမှုရေးဆန်းစစ်ချက်မှ တွေ့ရှိချက်များကို အခြေခံပြီး ရေးဆွဲထားပါသည်။ ဤ CPPF သည် တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများ မှ ယဉ်ကျေးမှုအရဆီလျော်ပြီး ကျား၊မ၊ အသက်အရွယ် အစုံ အကျိုးခံစားခွင့်ရှိမှု များ သေချာစေရန် ရည်ရွယ် ထည့်သွင်းထားပါသည်။ စီမံချက်တွင် ပါဝင်သော မြို့နယ်များတွင် ဆောင်ရွက်မည့် လွတ်လပ်ပြီး ကြိုတင် အသိပေး တိုင်ပင် ပြုလုပ်ထားသော ပဏာမ လူမှုရေးဆန်းစစ်ချက်များမှ တွေ့ရှိချက်များအပေါ် အခြေခံထားသော ရပ်ရွာပါဝင်ဆောင်ရွက်မှု စီမံကိန်းများ အား နှစ်စဉ် ရေးဆွဲခြင်းအားဖြင့် အလားအလာရှိသော ဆိုးကျိုးများနှင့် မလိုလားအပ်သော အကျိုးကျေးဇူးများကို ဖော်ထုတ်၊ စီမံဆောင်ရွက် ဖြေရှင်းသွားမည် ဖြစ်ပါသည်။ စီမံချက် မှ အကျိုးခံစားရမည့်ဦးတည်အုပ်စု များနှင့် မည်ကဲ့သို့ တိုင်ပင်ဆွေးနွေးမည်၊ မည်ကဲ့သို့ CPP ကို ရေးဆွဲမည် ဆိုသည်ကို ဤ CPPF စာတမ်း အပိုဒ် (၉) တွင် အသေးစိတ် ဖော်ပြထားပါသည်။

စီမံချက်ဆိုင်ရာ ညှိနှိုင်းသဘောတူမှု ဆောင်ရွက်ချိန်တွင် စီမံချက် မြို့နယ်များအား အတည်မပြုရသေးသည့် အတွက် ဤ CPPF ရေးဆွဲရန် သွင်းအားစုအဖြစ် ပဏာမ လူမှုရေး ဆန်းစစ်ချက်ကို ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ဘုတ်အဖွဲ့ အတည်ပြုခြင်း မတိုင်မီ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အကောင်အထည် ဖော်ဆောင် ရွက်မည့် ပထမနှစ်တွင် ပါဝင်သော မြို့နယ်များကို သိရှိရန် မျှော်လင့်ပါသည်။ ပညာရေးဝန်ကြီးဌာန မှ အတည်ပြုပြီးသည့် အခါ လွတ်လပ်ပြီး ကြိုတင် အသိပေး တိုင်ပင်ပြုလုပ်ထားသော လူမှုရေးဆန်းစစ်ချက်များကို တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများနှင့် စီမံချက် မြို့နယ်များတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပထမနှစ်တွင် လူမှုရေးဆန်းစစ်ချက် ဆောင်ရွက်မည့် မြို့နယ်များကို ရွေးချယ်ရာတွင် တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများကို ကိုယ်စားပြုနိုင်ရန် ကို သေချာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ CPP ကို လည်း ထို တွေ့ရှိချက်များအပေါ် အခြေပြု ၍ CPPF နှင့်အညီ မြို့နယ်များသို့ ရံပုံငွေ လွှဲပြောင်းခြင်းမပြုမီ ရေးဆွဲသွားမည် ဖြစ်ပါသည်။

## ၈။ အသုံးပြုရမည့် ကမ္ဘာ့ဘဏ်၏ မူဝါဒများ

ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှု မူဝါဒ (OP) ၄.၁၀ ၊ တိုင်းရင်းသားလူမျိုးများသည် ဤစီမံကိန်းအတွက် အသုံးပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များကို ကမ္ဘာ့ဘဏ် OP-၄.၁၀ ၏ သတ်မှတ်ချက်နှင့် ကိုက်ညီသော မူများနှင့်အညီ လူမျိုးစုလူနည်းစုများတည်ရှိသည့် နယ်မြေ များတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ဖြစ်သည်။ OP-၄.၁၀ သည် အောက်ပါရည်ရွယ်ချက်များကို အောင်မြင်ရန် မျှော်မှန်းသည်။

က။ သက်ရောက်သော လူမျိုးစုအုပ်စုများအား ၎င်းတို့နှင့်သက်ဆိုင်သည့် စီမံကိန်းရေးဆွဲမှုများတွင် ပါဝင် ဆောင်ရွက်ရန် အဓိပ္ပာယ်ပြည့်ဝသော အခွင့်အလမ်းများရှိသည်။

ခ။ ၎င်းတို့အား ယဉ်ကျေးမှုအရ သင့်တော်သောအကျိုးကျေးဇူးများ ရရှိနိုင်သည့် အခွင့်အလမ်းများကို ပေးထားသည်။

ဂ။ ၎င်းတို့အား ဆန့်ကျင်သက်ရောက်စေသည့် စီမံကိန်း၏ မည်သည့်သက်ရောက်မှုများကိုမဆို ရှောင်ကြဉ်သည်။ သို့မဟုတ် အနည်းဆုံးဖြစ်စေရန်နှင့် လျော့ပါးရန် ဆောင်ရွက်သည်။

ကမ္ဘာ့ဘဏ်၏ OP-၄.၁၀ သည် အောက်ပါစရိုက်လက္ခဏာများကို အမျိုးမျိုးသော အဆင့်များ၌ မျှဝေခံစားရန် ပြဋ္ဌာန်းထားသည်။

က။ ထူးခြားသော တိုင်းရင်းသားယဉ်ကျေးမှုအုပ်စု၏ အဖွဲ့ဝင်များအဖြစ် မိမိကိုယ်ကို ခွဲခြားသတ်မှတ်ခြင်းနှင့် အခြားသူများ၏ ခွဲခြားသတ်မှတ်မှုကိုလည်း အသိအမှတ်ပြုခြင်း။

ခ။ စီမံကိန်းဒေသအတွင်း ပထဝီဝင်ဒေသအရ ထူးခြားသောနေထိုင်ရာအရပ်များ သို့မဟုတ် ဘိုးဘွားပိုင်နယ်မြေများကို စုပေါင်းမှီတွဲခြင်းနှင့် အဆိုပါ နေထိုင်ရာများနှင့် နယ်နိမိတ်များအတွင်းရှိသော သဘာဝအရင်းအမြစ်များကို စုပေါင်းမှီခိုခြင်း။

ဂ။ လွှမ်းမိုးသော လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုများမှ ခွဲထွက်သော ဓလေ့ထုံးစံ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် နိုင်ငံရေး အဖွဲ့အစည်းများ။

ဃ။ နိုင်ငံ၏ ရုံးသုံးဘာသာစကားနှင့် ကွဲပြားခြားနားလေ့ရှိသောတိုင်းရင်းသားဘာသာစကား။

ကမ္ဘာ့ဘဏ်၏မူဝါဒ OP-၄.၁၀ သည် စီမံချက် ပြင်ဆင် ဆောင်ရွက်နေချိန်အတွင်း စီမံချက်ဒေသများတွင် တိုင်းရင်းသားလူမျိုးများရှိမှု သို့မဟုတ် စီမံချက်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ နီးနွယ်မှု တို့ကို ဆန်းစစ် ရန် လိုအပ်ပါသည်။ ဤသို့ ရှိမည်ဆိုပါက စီမံချက်မှ တိုင်းရင်းသား လူမျိုးစု အပေါ် အလားအလာရှိသော ကောင်းကျိုးများနှင့် မလိုလားအပ်သော အကျိုးကျေးဇူးများကိုဆန်းစစ်ရန်နှင့် အကယ် ၍ မလိုလားအပ်သော အကျိုးကျေးဇူးများ များပြားမည်ဆိုပါက စီမံချက်ကို လိုအပ်သလို ပြောင်းလဲ ဆောင်ရွက် နိုင်သည့် နည်းလမ်းရှာဖွေရန် လူမှုရေးဆန်းစစ်ချက်များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူမှုရေးဆန်းစစ်ချက်၏ မည်မျှကျယ်ပြန့်နိုင်မည့်အတိုင်းအတာမှာ တိုင်းရင်းသား လူမျိုးစု များအပေါ် စီမံချက်မှ သက်ရောက်မည့် အကျိုးကျေးဇူးများ၏ သဘော သဘာဝနှင့် အတိုင်းအတာပေါ် တွင် မူတည်ပါသည်။ စီမံချက် အပေါ် ရပ်ရွာ ပံ့ပိုးမှု ရရှိရန် အလို့ငှာ အကျိုးခံစားရမည့် တိုင်းရင်းသားများပါဝင်သော လွတ်လပ်ပြီး ကြိုတင် အသိပေး တိုင်ပင် ဆွေးနွေးပွဲများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျယ်ပြန့်သော ရပ်ရွာ ပံ့ပိုးမှု မရရှိပါက စီမံချက်အကောင်အထည် ဖော်နိုင်မည် မဟုတ်ပါ။

ဤ မူဝါဒသည် စီမံချက်ဒေသများအတွင်း တိုင်းရင်းသားလူမျိုးများရှိမှု သို့မဟုတ် စီမံချက်ဒေသ နှင့် တိုင်းရင်းသား လူမျိုးများ နီးနွယ်မှု ရှိပါက IPP မူလတိုင်းရင်းသားများပါဝင်ရေးဆွဲထားသော စီမံကိန်းကို ရေးဆွဲရန် လိုအပ်ပါသည်။ ဤ စီမံချက် တွင် CPP ကို IPP အဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။ CPP တွင် IPP ၏ အခန်းကဏ္ဍအားလုံးပါဝင်ပါသည်။ CPP ဆောင်ရွက်မည့် နမူနာတွင် စီမံချက်အကောင်အထည်ဖော်မည့် မြို့နယ်များရှိ တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများအားလုံးကိုယ်စားပြုမှု သေချာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ CPP ဆောင်ရွက်ရာ လုပ်ငန်းစဉ် အဆင့်ဆင့် အသေးစိတ်ကို ဤ CPPF စာတမ်း အပိုဒ် (၈) တွင် အသေးစိတ် ဖော်ပြထားပါသည်။

ဤ စီမံချက် တွင် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်မည့် ရလဒ် များမပါသော်လည်း ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှု မူဝါဒများအရ OP-၄.၁၀ -ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု မူဝါဒကို ထည့်သွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မူဝါဒ OP-၄.၁၀ သို့မဟုတ် မူဝါဒ OP-၄.၁၂ အောက်တွင် အကျုံးမဝင်သော လူမှုရေးရလဒ် အချို့ (ဥပမာ ပညာသင် ထောက်ပံကြေးအစီအစဉ် နှင့် အခြားသော စီမံချက် အကျိုးကျေးဇူးများတွင် ပါနိုင်ခြေ နည်းပါးသော တိုင်းရင်းသားမဟုတ်သည့် လူနည်းစုအုပ်စုများ၊) သည် မူဝါဒOP-၄.၁၀ အောက်တွင် အကြုံးဝင်၍ဖြစ်သည်။

## ဆ။ ပဏာမ လူမှုရေး ဆန်းစစ်ချက်။ ။ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များ၏ သက်ရောက်မှုများ။

ပဏာမလူမှုရေးဆန်းစစ်ချက် (SA) ကို အစီအစဉ်များမှ အကျိုးကျေးဇူး ခံစားရဖွယ်မရှိသော တိုင်းရင်းသားများနှင့် လက်လှမ်းမှီမှု နည်းပါးသော လူမှုရေးအုပ်စုများကို ဖော်ထုတ်ရန်၊ အလားအလာရှိသော ဆိုးကျိုးများနှင့် နှင့် မလိုလားအပ်သော ရလဒ်များကို ဖော်ထုတ်ရန်နှင့် ၄င်းတို့ကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရန် အလို့ငှာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ပိုမို အသေးစိတ်ကျသော လူမှုရေးဆန်းစစ်ချက်များနှင့်လွတ်လပ်ပြီး ကြိုတင်အသိပေးမှုရှိသော တိုင်ပင်ဆွေးနွေးပွဲများကို စီမံချက်အကောင်အထည်ဖော်သည့်အခါ စီမံချက်မြို့နယ်များရှိ ခံစားခွင့်ရှိသော အုပ်စုများ (တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမှီမှု နည်းပါးသော အုပ်စုများအပါအဝင်) နှင့် ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုဆန်းစစ်ချက်များမှ ရလဒ်များပေါ် အခြေခံ၍ CPP ကို နစ်စဉ်ရေးဆွဲသွားမည် ဖြစ်ပါသည်။

ပဏာမလူမှုရေးဆန်းစစ်ချက်ဆောင်ရွက်ခဲ့သော မြို့နယ် ၆-ခုကို ဆင်းရဲနွမ်းပါးမှု အဆင့်များနှင့် ကျောင်းသားများ ကျောင်းထွက်နှုန်းပေါ် အခြေခံ၍ အဓိကထား ရွေးချယ်ခဲ့ပါသည်။ ထိုမြို့နယ်များ မှာ ပဲခူးတိုင်းဒေသကြီးရှိ ရေတာရှည်မြို့နယ်၊ ရှမ်းပြည်နယ်ရှိ ကလောမြို့နယ်၊ မွန်ပြည်နယ်ရှိ မုဒုံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာအောင်မြေမြို့နယ်၊ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်တိုင်း ဒေသကြီးရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်မျာဖြစ်ပါသည်။ ဤ ၆-မြို့နယ် လုံးမှာ ဝင်ငွေရရှိမှု မတူညီခြင်းနှင့် တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးရှိခြင်းကို တူညီစွာတွေ့ရသည်။ (နောက်ဆက်တွဲ - ၁ တွင် မြို့နယ်တစ်ခုချင်းစီ၏ လူမျိုးစုကို သုံးသပ်ထားသည်။)

ပဏာမလူမှုရေးဆန်းစစ်ချက်ဆောင်ရွက်စဉ်ကာလအတွင်း လွတ်လပ်၍ ကြိုတင်အသိပေးထားသော ညှိနှိုင်းတိုင်ပင်မှုများကို အစိုးရ အရာရှိများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာအသင်းများ (PTAs)၊ မတူညီသော လူမျိုးစု နောက်ခံများမှ ဆင်းရဲနွမ်းပါးပြီး အကျိုးခံစားခွင့်နည်းပါးသော မိသားစုများ၊ ကျောင်းသားများနှင့် ပြုလုပ်ခဲ့ပါသည်။ အထက်ပါ အစီအစဉ်နှစ်ရပ်အပေါ် ကျယ်ပြန့်သော ရပ်ရွာပံ့ပိုးမှုမှု သေချာစွာရရှိစေရေးအတွက် ဗဟိုပြုအုပ်စု ဆွေးနွေးမှုများ ၆၃-ကြိမ်နှင့် အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှု ၈၆-ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးမှုများတွင် တိုင်းရင်းသား ၁၆၆ ဦး ( အဆင်းရဲဆုံး တိုင်းရင်းသား ၃၅ ဦးအပါအဝင်) ပါဝင်ခဲ့ပါသည်။

မြို့နယ် ပညာရေးမှုးများနှင့် ကျောင်းအုပ်ကြီးများအပါအသင် အစိုးဝန်ထမ်း အများ အပြားနှင့်လည်း တွေ့ဆုံ မေးမြန်း ခဲ့ပါသည်။ နောက်ဆက်တွဲ - ၁ တွင် ပဏာမလူမှုရေးဆန်းစစ်ချက် ဆောင်ရွက်ခဲ့သော မြို့နယ်တစ်ခုချင်းရှိ တိုင်းရင်းသားလူမျိုးစု၏အချက်အလက်များပါဝင်ပါသည်။ စီမံချက်မြို့နယ်များတွင်နေထိုင်သော ပြည်သူများ၏ ပိုမိုအသေးစိတ်ကျသော လူမှုစီပွားရေး၊ တိုင်းရင်းသားလူမျိုးစု၊ ဒေသဆိုင်ရာ အချက်အလက်များကို စီမံချက်အကောင်အထည်ဖော်သည့် အခါတွင် လူမှုရေးဆန်းစစ်ချက် ပြုလုပ်သည့်အခါ ထည့်သွင်းကောက်ခံ

သွားမည်ဖြစ်ပါသည်။ နမူနာ မြို့နယ်များရွေးချယ်သည့် အခါ ဆင်းရဲနွမ်းပါးမှုနှင့် အခွင့်အလမ်းနည်းပါးမှုကို ဖြစ်စေသော အကြောင်းတရားအမျိုးမျိုးကို ခြုံငုံမိစေရန်နှင့် တိုင်းရင်းသားလူနည်းစုများနှင့် လက်လှမ်းမီမှု နည်းပါးသည့် အုပ်စုများအားကိုယ်စားပြုမှုကို သေချာစေရန် ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ပညာသင်ကြားခွင့်ရရန်အတွက် အခက်အခဲများ**

အဆိုပါ လူမှုရေးဆန်းစစ်ချက်များမှ တွေ့ရှိချက်များအရ အထူးသဖြင့် ဆဋ္ဌမတန်းနှင့် သတ္တမတန်းတွင် ကျောင်းထွက်သည့်အရေအတွက် မြင့်မားခြင်း၏ အကြောင်းရင်းမှာ ငွေရေးကြေးရေးနှင့် ငွေရေးကြေးရေးနှင့် မပတ်သက်သော အကြောင်းရင်း နှစ်ရပ်စလုံးကြောင့် ဖြစ်သည်။ ဆင်းရဲသော မိသားစုများ အထူးသဖြင့် ဝေးလံခေါင်းပါးသော ဒေသရှိ မိသားစုများသည် ၎င်းတို့၏ ကလေးများအား ကျောင်းထားရေးတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။ SA က ရောက်ရှိခဲ့သော ကျောင်းများအားလုံးတွင် အလွန်အမင်းများပြားလှသော ဆင်းရဲပြီး ချို့တဲ့သည့် ကျောင်းသားအရေအတွက်သည် အစီအစဉ်ကျခံနိုင်သော ပညာသင်ထောက်ပံ့ကြေးနှင့် အကြုံမဝင်ကြပေ။ ပညာရေးအတွက် ငွေကြေးမပြည့်စုံခြင်းသည် အရေးကြီးသော အဟန့်အတားတစ်ခုဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ကျောင်းသားအများအပြားသည် သားသမီးများပြားပြီး နေ့စားလုပ်ခစား သို့မဟုတ် ဝင်ငွေမတည်မြဲသော မိသားစုများမှ ဖြစ်ကြသည်။ SA ဖြေကြားသူများက အခက်အခဲများသည် အလယ်တန်းသို့ တက်ရောက်သည့် ပထမနှစ်ဖြစ်သော ဆဋ္ဌမတန်းတွင် ပိုမိုမြင့်တက်လာကြောင်း အဘယ်ကြောင့်ဆိုသော် ထိုအတန်းတွင် ကျောင်းထောက်ပံ့မှု စရိတ်များနှင့် ကျောင်းသို့ သွားလာရေးစရိတ်များသည် မြင့်တက်လာသောကြောင့်ဖြစ်ကြောင်း ဖြေကြားကြသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများသည် အဆိုပါ အဆင့်မြင့်တန်းများ၌ ကောင်းစွာ သင်ယူနိုင်လိုပါက ပုဂ္ဂလိက ကျူရှင်ခအတွက် ထပ်ဆောင်းပေးကြရသည်။ အလယ်တန်းကျောင်းအတွက် ပျမ်းမျှ ကျူရှင်လခသည် ၃၀,၀၀၀-ကျပ် ရှိပြီး အထက်တန်းကျောင်းအတွက် ကျပ် ၁၀၀,၀၀၀-ခန့် ရှိသည်။[၄] ယင်းသည် နေ့စားလုပ်အားခ ရရှိသော (တစ်နေ့လျှင် ၂,၀၀၀-ကျပ်မှ ၃,၀၀၀-ကျပ်) ဆင်းရဲသည့် မိဘအများစုအတွက် မတတ်နိုင်ကြပေ။ ထိုကုန်ကျစရိတ်သည် ဘော်ဒါကျောင်းများ သို့မဟုတ် ဆွေမျိုးများထံတွင် နေထိုင်ကြရသော ဝေးလံခေါင်းပါး ကျေးရွာများမှ အထက်တန်းကျောင်းသားများအတွက် သိသာထင်ရှားစွာ မြင့်မားနေပါသည်။ ရလဒ်အားဖြင့် အဆင်းရဲဆုံး ကျေးရွာများသည်လည်း ၎င်းတို့ ကလေးများအား မူလတန်းပြီးဆုံးသည်နှင့် ကျောင်းဆက်၍ မထားတော့ခြင်းပင် ဖြစ်သည်။

ငွေရေးကြေးရေး မဟုတ်သော အခက်အခဲများအတွက် အဓိကပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးမှုများအရ ဝေးလံခေါင်းပါးမှုသည် အရေးကြီးဆုံး အခက်အခဲ ၃-ရပ်အနက် တစ်ခုဖြစ်ကြောင်း ပြောကြားကြသည်။[၅] ဝေးလံခေါင်းပါးသော ကျေးရွာတစ်ရွာရှိ ကျောင်းအုပ်ဆရာကြီးတစ်ဦးက သူမ၏ ကျောင်းသားထက်ဝက်ခန့်သည် သွားလာရေးခက်ခဲသောကြောင့် နှစ်စဉ် နှစ်ဝက်ခန့်တွင် ကျောင်းထွက်ကြသည်ဟု ပြောပြသည်။ ဝေးလံသော ကျေးရွာအများစုသည် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများရှိသော မြို့များသို့ ရာသီမရွေး သွားလာနိုင်သည့် လမ်းများနှင့် ဆက်သွယ်ထားခြင်း မရှိပေ။ သို့မဟုတ် ရာသီမရွေး သွားလာနိုင်သော သယ်ယူပို့ဆောင်ရေး

[၄] အဆိုပါစရိတ်များကို ဆင်းရဲသော မိဘများ၊ ကျောင်းအုပ်များ၊ ဆရာများနှင့် ကျောင်းကော်မတီဝင်များ၏ ခန့်မှန်းဖြေကြားချက်အရ သုတေသန အဖွဲ့က တွက်ချက်ခြင်း ဖြစ်သည်။ အဆိုပါ ကုန်ကျစရိတ် ကိန်းဂဏန်းများသည် မြို့နယ်တစ်ခုချင်းစီက ဖြေကြားသူများ၏ ဖြေကြားချက်များ အတွက် ပျမ်းမျှဖြစ်ပြီး မြို့နယ် ၆-မြို့နယ်၏ ပျမ်းမျှနှုန်းလည်း ဖြစ်သည်။

[၅] ငွေရေးကြေးရေးနှင့် မပတ်သက်သော အခြားအခက်အခဲ ၂-ရပ်မှာ လူနည်းစုလူမျိုးစုများအတွက် ဘာသာစကားနှင့် ကျောင်း၏ လက်ရှိတန်ဖိုး ဖြတ်မှုစနစ်များ ဖြစ်သည်။ အဆိုပါ အခက်အခဲ ၂-ရပ်၏ အသေးစိတ်ဖော်ပြချက်ကို SA အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

လုပ်ငန်းများ မရှိပေ။ ဝေးလံခေါင်းပါးသော ကျေးရွာအချို့မှ ကျောင်းသားများသည် အလယ်တန်းနှင့် အထက်တန်း ကျောင်းများသို့ ရောက်ရှိရန် ကုန်းတစ်တန်၊ လှေတစ်တန် သွားလာကြရပြီး မိုးရာသီတွင် မြစ်ချောင်းများနှင့် လမ်းများ သည် ဘေးကင်းလုံခြုံမှု မရှိပေ။ ဆင်းရဲသော ကျောင်းသားများစွာတို့ ကျောင်းထွက်ကြသည်မှာ ၎င်းတို့သည် သွားလာရေးစရိတ် သို့မဟုတ် ဘော်ဒါတွင် နေထိုင်မှုစရိတ်ကို မတတ်နိုင်ကြ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ကျောင်းနေစဉ်ကာလအတွင်း ၎င်းတို့ တည်းခိုနေထိုင်နိုင်သော ကျောင်းနှင့်နီးကပ်သည့် မိခိုအားထားရ သည့် ဆွေမျိုးများ၏ နေအိမ်မရှိသောကြောင့် ဖြစ်သည်။ ထိုပြဿနာသည် ထုံးစံအားဖြင့် မြို့များတွင်သာ တည်ရှိသော အလယ်တန်း၊ အထက်တန်းကျောင်းများတွင် တက်ရောက်ရသည့် အလယ်တန်း၊ အထက်တန်းကျောင်းသားများ အတွက် ပို၍အရေးကြီးပေသည်။

**ပညာသင်ထောက်ပံ့ကြေး အစီအစဉ်**

ခြုံ၍ဆိုရလျှင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့်ပတ်သက်၍ ကျောင်းသားများနှင့် မိဘများက ယေဘုယျအားဖြင့် ကျေနပ်ကြကြောင်း SA က တွေ့ရှိရပြီး ရန်ပုံငွေအများစုသည် ဆင်းရဲနွမ်းပါး၍ သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသားများထံသို့ ရောက်ရှိကြကြောင်း ၎င်းတို့က အတည်ပြုပြောကြားသည်။ လက်ရှိ ခွင့်ပြုချက် အရ ပညာသင်ထောက်ပံ့ကြေးပမာဏသည် နည်းပါးသော်လည်း အထူးသဖြင့် မူလတန်းအဆင့်တွင် ဆင်းရဲနွမ်းပါး သော ကျောင်းသားများ ကျောင်းတက်နိုင်ရေးကို ကြီးမားစွာ အထောက်အကူပြုသည်ဟု ၎င်းတို့က ဖော်ပြကြသည်။ သို့ရာတွင် အဆိုပါ ထောက်ပံ့ကြေးပမာဏသည် ထုံးစံအားဖြင့် ကျောင်းဝင်ကြေးမြင့်မားပြီး မြို့ကြီးများတွင် တည်ရှိ သော အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း အဆင့်များအတွက် နည်းပါးနေသည့်အပြင် သယ်ယူ ပို့ဆောင်ရေးစရိတ်သည်လည်း မြင့်မားသည်ဟု သိရှိရသည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွင် အချို့သော ကွာဟမှုများရှိနေကြောင်း SA က တွေ့ရှိရသည်။ ယင်းတို့အနက် အများစုမှာ အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ၊ အကောင်အထည်ဖော်ရေး လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်နေသည်။ သတ်မှတ်ချက်နှင့် ပြည့်စုံသော ကျောင်းသားများနှင့် မိဘများအား ပညာသင်ထောက်ပံ့ရေး အစီအစဉ်ကို အကြောင်းမကြားကြောင်း၊ အဘယ်ကြောင့်ဆိုသော် အကောင်အထည်ဖော်ရေးတွင် ပါဝင်ပတ်သက်နေ သော TEO (မြို့နယ်ပညာရေးမှူး) များနှင့် ကျောင်းအုပ်ကြီးများကဲ့သို့သော နယ်မြေအရာရှိများသည် အစီအစဉ်ကို လူသိများအောင် ပြုလုပ် ရမည်ကို စိုးရိမ်နေပြီး ထိုအစီအစဉ်သည် မဖြေရှင်းနိုင်သော မျှော်လင့်ချက်များစွာကို ဖန်တီးနိုင်မည်ဟု ယူဆ၍ ဖြစ်ကြောင်း ဤသုတေသနက တွေ့ရှိခဲ့ရသည်။ လက်ရှိ ဘတ်ဂျက်ခွင့်ပြုချက်သည် ကျောင်းသားများစွာတို့သည် ပညာသင်ထောက်ပံ့ကြေး သတ်မှတ်ချက်နှင့် ညီညွတ်သော်လည်း ကျောင်းတစ်ကျောင်းလျှင် ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးသာ ပညာသင်ထောက်ပံ့ကြေးပေးနိုင်သည်။ ကျောင်းအုပ်များနှင့် တွေ့ဆုံမေးမြန်းမှုများက သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသား (၂၂%) ထောက်ပံ့ကြေး ရရှိသည်ဟု ဖြေကြားကြသည်။ ကျောင်းအုပ် များ၏ စိုးရိမ်ပူပန်မှုသည် နားလည်သဘောမပေါက်မှု ဖြစ်သော်လည်း ပညာသင်ထောက်ပံ့ကြေး ခံစားရသူများ ရွေးချယ်မှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိခြင်းက အဓိက စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။ ယင်းကို အစီအစဉ်၏ တာဝန်ရှိမှု မြင့်မားစေရန် ရွေးချယ်ရေးလုပ်ငန်းစဉ်၌ မိဘများ၏ ပါဝင်ဆောင်ရွက်မှု တိုးတက်ရေးအတွက် တောင်းဆို သော ဗဟိုပြုအုပ်စု ဆွေးနွေးမှု (FGD) ၏ ပါဝင်သူများက ထောက်ပြကြသည်။

ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို TEO (မြို့နယ်ပညာရေးမှူး) များနှင့် ကျောင်းအုပ်များက ၎င်းတို့အား ဖြန့်ဖြူးပေးသော အဆိုပါ ယေဘုယျလမ်းညွှန်ချက်များကို မည်မျှနားလည်သဘောပေါက်မှုအပေါ် မူတည်၍ ကျောင်းများတစ်လျှောက် အမျိုးမျိုး အကောင်အထည်ဖော်ကြသည်။ အကောင်အထည်ဖော်ရေး

အသေးစိတ်လမ်းညွှန်မှုများကို ပြုစုရခြင်း မရှိ သေးသည့်အတွက် TEO (မြို့နယ်ပညာရေးမှူး) အများစုသည် အစီအစဉ်၏ အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို တစ်သမတ်တည်း နားလည်သဘောပေါက်မှု မရှိသောကြောင့်ဟု SA က တွေ့ရှိရသည်။ အချို့နယ်မြေများတွင် မြို့နယ်ပညာရေးမှူးရုံး သည် ထိုနယ်မြေရှိ ကျောင်းများနှင့် တိုက်ရိုက်အလုပ်လုပ်ပြီး အချို့နယ်မြေများတွင် ပညာသင်ထောက်ပံ့ကြေး ခွင့်ပြုချက်ကို ကြီးကြပ်ရန် ကျောင်းသားရွေးချယ်ရေး မြို့နယ်အဖွဲ့ (TBSS) အား TEO (မြို့နယ်ပညာရေးမှူး) များက ဖွဲ့စည်းထားသည်။ အလားတူစွာပင် မြို့နယ်များအကြားနှင့် အလားတူမြို့နယ်များအတွင်းရှိ ကျောင်းများအကြားတွင်ပင် အမျိုးမျိုးသော ရွေးချယ်မှုများကို အသုံးပြုကြသည်။ ကျောင်းများအပုမ်း လူသိများသောမူတစ်ခုမှာ မိဘမဲ့ဖြစ်သည်။ သို့ရာတွင် ကျောင်းအားလုံးလိုလိုပင် ပညာသင်ထောက်ပံ့ကြေးရခွင့်ရှိသော ကျောင်းသားများကို ရွေးချယ်ရာ၌ ဆင်းရဲနွမ်းပါးမှုနှင့် ပတ်သက်သောမူကို ဖြည့်စွက်အသုံးပြုကြသည်။ ထိုမူသည် ရွေးချယ်ရေးတွင်ပါဝင်သော ကျောင်းအုပ်များနှင့် ဆရာ များ၏ ဦးစားပေးမှုနှင့် ဆုံးဖြတ်မှုတို့အပေါ်တွင် မူတည်သည်။ လူမျိုးစုကို မူတစ်ရပ်အဖြစ် မည်သည့်ကျောင်းကမျှ အသုံးပြုကြောင်း မတွေ့ရှိရပေ။ လူမျိုးစုမိဘများပါဝင်သော FGD ပါဝင်ဆွေးနွေးသူများက ပညာသင်ထောက်ပံ့ကြေး ရွေးချယ်ရာတွင် လူမျိုးစုအခြေခံနှင့်ပတ်သက်၍ ခွဲခြားမှုရှိသည်ကို သတိမပြုမိကြောင်း ဖြေကြားကြသည်။

FGD ၏ ပါဝင်ဆွေးနွေးသူ အများအပြားက ပညာသင်ထောက်ပံ့ကြေးရရှိသူများသည် ဆင်းရဲသား သို့မဟုတ် မိဘမဲ့ဟူ၍ စိတ်ဒဏ်ရာရရှိစေနိုင်ပြီး ထိုအချက်ကပင် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသားအများအပြားကို ပညာသင်ထောက်ပံကြေး အစီအစဉ်၌ ပါဝင်ရန် နောက်တွန့်စေခဲ့သည်ဟု ဖြေကြားကြသည်။ အသိအမြင် မြှင့်တင်ရေး နှင့် အများပြည်သူ ပညာပေးရေး ပျက်ကွက်မှုတွင် အဆိုပါ စိုးရိမ်ပူပန်မှုမျိုးသည် အမှန်တကယ် ဖြစ်နိုင်ပြီး ဆင်းရဲသား များနှင့် အကျိုးကျေးဇူးမခံစားရသူများအား အလှမ်းဝေးစေသည့် တားဆီးမှုအလားအလာတစ်ရပ် ဖြစ်နိုင်ပေသည်။

စိုးရိမ်ပူပန်တတ်သော မိဘများသည် ပြဿနာများကို မဖြေရှင်းနိုင်လျှင် ကျောင်းအုပ်ဆရာကြီးများထံသို့ မသွားမီ သာမန်အားဖြင့် အတန်းပိုင်ဆရာများထံသို့ သွားရောက်ကာ အကြံဉာဏ်နှင့် အဖြေများတောင်းခံလေ့ ရှိကြောင်း SA က ရှာဖွေတွေ့ရှိရသည်။ လုပ်ဆောင်ချက် ကျောင်းတက်ခြင်း သို့မဟုတ် ရန်ဖြစ်ခြင်းကဲ့သို့သော ကျောင်းသားများနှင့်ပတ်သက်သည့် ပြဿနာများကို ကျောင်းအဆင့်တွင်ပင် စီမံဖြေရှင်းနိုင်သည်။ ထိုပြဿနာ သို့မဟုတ် မှတ်တမ်းများကို ကျောင်းအုပ်ဆရာကြီးများက TEO (မြို့နယ်ပညာရေးမှူး) အဆင့်သို့ ပေးပို့ခြင်းမရှိပေ။

**ကျောင်းထောက်ပံ့ကြေး အစီအစဉ်**

ကျောင်းအားလုံး၏ အမျိုးမျိုးသော လုပ်ငန်းများ လည်ပတ်မှု အသုံးစရိတ်များကို လွှမ်းခြုံမိရန် ကျောင်း ထောက်ပံ့ကြေး အများအပြားအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီကြကြောင်း SA က တွေ့ရှိရသည်။ ကျောင်းသား များအကြား သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကျောင်းသားများကိုသာ ပံ့ပိုးပေးမည့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့် နှိုင်းယှဉ်လျှင် ကျောင်းထောက်ပံ့ကြေးများ အစီအစဉ်သည် ကျောင်းအားလုံးထောက်ပံ့ကြေးကို ရရှိ သောကြောင့် လူမှုရေးပိုင်းပယ်မှုဆိုင်ရာ သိသာထင်ရှားသော စွန့်စားမှုများ ပါဝင်ပတ်သက်မှု မရှိပေ။ စဉ်ဆက်အားဖြင့် ကျောင်းထောက်ပံ့ကြေး အကောင်အထည်ဖော်ရေးတွင် ပါဝင်ပတ်သက်သော ကျောင်းများ၏ ခွဲခြားမှု သို့မဟုတ် မသင့်တော်သော ပြုမူမှုမျိုးကို SA က မတွေ့ရှိခဲ့ရပေ။ ကျောင်းထောက်ပံ့ကြေးများသည် စာရေးကိရိယာများ၊ ကျန်းမာရေး၊ သောက်ရေအိုးများ၊ မြေဖြူ၊ အဖျက်များ၊ ကျောင်းသင်ပုန်းဆေးသုတ်ခြင်းနှင့် သင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများကဲ့သို့သော လည်ပတ်သည့် အသုံးစရိတ်များစွာကို ကာမိစေရန် အထောက်အကူပြုသည်။ အလွန်ကန့်သတ်ထားသော ထောက်ပံ့ကြေးပမာဏသည် အရေးကြီးသော လိုအပ်ချက်များစွာကို ဖြေရှင်းရန် ကျောင်း

များအတွက် အခက်အခဲရှိသည်။[၆] အထူးသဖြင့် အလွန်ကျဉ်းမြောင်းစွာ သတ်မှတ်ထားသော အသုံးစရိတ် အမျိုးအစား များအတွက်သာ ဘဏ္ဍာငွေ ကျခံနိုင်သောကြောင့် ကျောင်းထောက်ပံ့ကြေးများသည် အလွန်အကန့်အသတ်ထား သော လည်ပတ်မှု ဘတ်ဂျက်အတွက်သာ အသုံးဝင်စေသည်ဟု တွေ့ဆုံမေးမြန်းခဲ့သော ကျောင်းအုပ်ဆရာကြီးများက ဖြေကြားသည်။

ကျောင်းထောက်ပံ့ရေး အစီအစဉ်နှင့်ပတ်သက်၍ မိဘများ သို့မဟုတ် အခြားသော ပါဝင်ဆောင်ရွက်သူများ အား ကောင်းစွာ အကြောင်းမကြားသောကြောင့် ထောက်ပံ့ကြေးများ သုံးစွဲမှုတွင် တာဝန်ရှိမှုအတွက် စိုးရိမ်မှုများ ဖြစ်ပေါ်စေသည်။ ထောက်ပံ့ကြေးသုံးစွဲမှုတွင် ကျောင်းအုပ်ကြီးများကသာ ဆုံးဖြတ်ချက်များကို ချမှတ်လျက်ရှိသော် လည်း သွားရောက်ခဲ့သော ကျောင်းအချို့တွင် ကျောင်းအုပ်ကြီးများသည် ထောက်ပံ့ကြေးအသုံးပြုမှု ကျောင်းအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးကြသည်ကို တွေ့ရှိရသည်။[၇]

### လက်ရှိ တိုင်ကြားမှုဖြေရှင်းရေးစနစ်များ

လက်ရှိ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးအစီအစဉ်များတွင် လူအများအကြံပေးရန် သို့မဟုတ် စောဒကတက်ရန် ခွင့်ပြုသည့်စနစ် မရှိကြောင်း SA က တွေ့ရှိရသည်။ စိုးရိမ်မှု သို့မဟုတ် စောဒကတက်မှု ရှိသူများသည် အတန်းပိုင်ဆရာ သို့မဟုတ် ကျောင်းအုပ်ဆရာကြီးများထံသို့ သွားရောက်လေ့ရှိကြမည် ဖြစ်သည်။ ထို့ကြောင့် ထိုပြဿနာများကို ပုံမှန်အားဖြင့် အတွင်းတွင်သာ ဖြေရှင်းကြပြီး ထိုပြဿနာများအတွက် သီးခြား အစီရင်ခံစာ သို့မဟုတ် မှတ်တမ်းများ မရှိကြပေ။ အစီအစဉ်များသည် ယင်းတို့ မျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုများ တိုးတက်စေရန်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့မှု အစီအစဉ်များတွင် အကြံပေးမှုနှင့် တိုင်ကြားမှု ခိုင်မာစေသော နည်းစနစ်များ အရေးကြီးသည်ဟု တွေ့ဆုံမေးမြန်းခဲ့သော မိဘများက ယူဆ ကြောင်း SA က တွေ့ရှိခဲ့သည်။

## ၈။ ရပ်ရွာပါဝင်ဆောင်ရွက်မှု စီမံကိန်းရေးဆွဲရေး မူဘောင် (CPPF)

### ၁။ CPPF ၏ အခြေခံမူများ

အောက်ပါ အခြေခံမူများက ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးအစီအစဉ်များကို ထိန်းချုပ် ကွပ်ကဲမည် ဖြစ်သည်။

(က) ဤ CPPF နှင့်အညီ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များအတွက် အမျိုးသားလမ်းညွှန်ချက်များကို သီးခြားပြုစုမည် ဖြစ်သည်။ ထိုလမ်းညွှန်ချက်များ ပြုစုပြီးပါက

---

[၆] ဥပမာ - ကျောင်းထောက်ပံ့ကြေးများသည် သောက်ရေနှင့် လျှပ်စစ်ဓာတ်အား ထိန်းသိမ်းရေးကဲ့သို့သော လိုအပ်ချက်များအတွက် အသုံးမပြု နိုင်ပေ။

[၇] ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာများသည် ၎င်းတို့၏ ဘဏ္ဍာရေးဗဟုသုတနှင့် ကျွမ်းကျင်မှု ခိုင်မာတောင့်တင်းရန် လိုအပ်ကြောင်း SA က တွေ့ရှိရသည်။ တွေ့ဆုံမေးမြန်းခဲ့သော ကျောင်းအုပ်ဆရာကြီးများက အစီအစဉ်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန် ဘဏ္ဍာရေးရှင်းတမ်းများ တောင်းဆိုခဲ့သည်ဟု ဖြေကြားကြသည်။

ယင်းတို့ကို လူနည်းစုလူမျိုးစု ရပ်ရွာအား ကန့်သတ်မထားသော နိုင်ငံအတွင်းရှိ အဓိကပါဝင်ဆောင်ရွက်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မည် ဖြစ်သည်။

( ဂ ) ဤ CPPF ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို မြို့နယ်သစ်များသို့ ဖြန့်ကျက်မည်ဖြစ်ရာ ရပ်ရွာပါဝင်ဆောင်ရွက်ရေး စီမံချက် CPP ကို ပြုစုရေးဆွဲပြီး နှစ်စဉ် ခေတ်နှင့်အညီ ပြုပြင်သွားမည် ဖြစ်သည်။

(ဃ) CPP ပြုစုရေးဆွဲခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လူမှုရေးဆန်းစစ်ချက် (SA) ကို ပြုလုပ်သွားမည် ဖြစ်ပြီး ယင်းတွင် နယ်မြေရပ်ရွာများတွင် ၎င်းတို့၏ လူမှုစီးပွားရေး ရပ်တည်ချက်များကြောင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်မှ ဖိုင်းပယ်ထားနိုင်သော စွန့်စားမှုနှင့် တွေ့ကြုံဖွယ်ရှိသည့် လူအုပ်စုကို ခွဲခြားသတ်မှတ်ရန် လုံခြုံမှုမရှိမှုများ ဆန်းစစ်ချက် ပါဝင်သည်။ လွတ်လပ်ပြီး ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုများကိုလည်း SA ၏ ကဏ္ဍတစ်ရပ်အဖြစ် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို ရပ်ရွာ၏ ကျယ်ပြန့်သော ထောက်ခံမှုရရှိစေရန် ထိုအစီအစဉ်၏ အကျိုးကျေးဇူးခံစားရန် အလားအလာရှိသည့် အုပ်စုများနှင့် ပြုလုပ်သွားမည် ဖြစ်သည်။

( င ) ယေဘုယျအားဖြင့် ပြည်သူလူထုနှင့် အထူးသဖြင့် ပညာသင်ထောက်ပံ့ကြေးနှင့် အကျုံးဝင်သော ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများအား ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ ရည်ရွယ်ချက်၊ သတ်မှတ်သောမူနှင့် ရွေးချယ်မှု လုပ်ထုံးလုပ်နည်းများကို အသိပေးမည် ဖြစ်သည်။

( စ ) ပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွင် ဆင်းရဲသားများနှင့် လုံခြုံမှုမရှိသော လူမှုရေးအုပ်စုများ၏ ကျယ်ပြန့်သော အဆင့်နှင့်အညီ အကျုံးဝင်လာစေရေးအတွက် ရွေးချယ်ရေးမူကို ပြန်လည်စိစစ်မည် ဖြစ်သည်။

ဤ CPPF ထိခိုက်သော လူများအား တိုင်ကြားမှုဖြေရှင်းခွင့် ရရှိရေးနှင့် CPPF အကောင်အထည်ဖော်မှု ကြီးကြပ်ရေး အဆင့်ဆင့်များကို ချမှတ်သွားမည် ဖြစ်သည်။ ကျောင်းအစီအစဉ်ကော်မတီ (SPC) ကို ဖွဲ့စည်းသွားမည် ဖြစ်ပြီး ယင်းသည် ကျောင်းအဆင့်၌ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်ရေးတွင် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။ SPC သည် ကျောင်းအုပ်ဆရာကြီး၊ မိဘများနှင့် ဆရာများ ကန့်သတ်ထားမှုမရှိသော လူမျိုးစုလူနည်းစု အုပ်စုများ အပါအဝင် လုံခြုံမှုမရှိသော အုပ်စုများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည်။ အခြေခံမူတွင် SPC ၌ တူညီသော အမျိုးသားနှင့် အမျိုးသမီး၊ မိဘကိုယ်စားလှယ်များ ပါဝင်ရမည် ဖြစ်ပြီး ကော်မတီ၏ သုံးပုံတစ်ပုံသည် အမျိုးသမီးများဖြစ်ကာ ကော်မတီ၏ သုံးပုံတစ်ပုံသည် မိဘများထံမှ ဖြစ်ရမည်။ SPC အား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များကို ဤ CPPF ပြဋ္ဌာန်းချက်များအရ ဤအစီအစဉ်၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မှုသေချာစေရန် ကြီးကြပ်ခြင်းနှင့် တိုင်ကြားမှု ဖြေရှင်းရေး နည်းစနစ်များအား လုပ်ပိုင်ခွင့် အပ်နှင်းထားသည်။

## ၂။ CPPF အကောင်အထည်ဖော်ရေးဆိုင်ရာ ဌာနတွင်းအစီအစဉ်များ

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (DEPT) နှင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနများသည် ဤ CPPF အကောင်အထည်ဖော်ရေးအတွက် တာဝန်အားလုံးကို စဉ်းစားမည် ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့်ပတ်သက်၍ DBEs များသည် ဤ CPPF ၏ ထောက်ပံ့မှုဖြင့်

မြို့နယ်ပညာရေးမှူးရုံးများ (TEO (မြို့နယ်ပညာရေးမှူး)) နှင့် မြို့နယ် အစီအစဉ်လုပ်ငန်းအဖွဲ့ (TPWG)[၈] အတူ ပူးပေါင်းကာ မြို့နယ်အဆင့်နှင့် အကျိုးခံစားခွင့် ရရှိသော ကျောင်းများအဆင့်တွင် လုပ်ငန်းများစွာကို ဆောင်ရွက်မည် ဖြစ်သည်။ DEPT သည် DBE  က မြို့နယ်အဆင့်တွင် စုဆောင်းရရှိသော အချက်အလက်များနှင့် သွင်းအားစုများကို အတူတကွ စုစည်းကာ ရပ်ရွာပါဝင်ဆောင်ရွက်ရေး စီမံချက်ကို (CPP) ရေးဆွဲပြီး နှစ်စဉ် ခေတ်မီအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။ အသေးစိတ် အကောင်အထည်ဖော်ရေး အစီအစဉ်များကို အမျိုးသားပညာသင်ထောက်ပံ့ကြေး အစီအစဉ် လမ်းညွှန်ချက်များတွင် ရှင်းလင်းဖော်ပြသွားမည် ဖြစ်သည်။ ကျောင်းထောက်ပံ့ကြေး အစီအစဉ်နှင့်ပတ်သက်၍ DEPT သည် ကျောင်းထောက်ပံ့ကြေး အစီအစဉ်အတွက် အမျိုးသားလမ်းညွှန်ချက်များအရ ကျောင်းအားလုံး ထောက်ပံ့ကြေးရရှိမှု သေချာအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအားလုံးကို ကျောင်းထောက်ပံ့ကြေးများ ခွဲဝေ ရာ၌ မျှတပြီး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

## ၃။ CPPF ၏ အကောင်အထည်ဖော်ရေး လုပ်ထုံးလုပ်နည်းများ

အထက်တွင် ဖော်ပြခဲ့သော အခြေခံမူများ အကောင်အထည်ဖော်ရန် အဆင့်လိုက် လုပ်ထုံးလုပ်နည်း အသေးစိတ်ကို ပညာရေးဝန်ကြီးဌာန ၏ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များအတွက် ကိုယ်ပိုင် လမ်းညွှန်ချက်များတွင် ထည့်သွင်းပြုစုသွားမည် ဖြစ်သည်။ အဆိုပါ လမ်းညွှန်ချက်များတွင် ဖော်ပြမည့် ပိုမိုအသေးစိတ် သော လုပ်ထုံးလုပ်နည်းများ ပြုစုရန် အောက်တွင် ဖော်ပြသော လုပ်ထုံးလုပ်နည်းများက အခြေခံအဖြစ် အထောက်အကူပြုပါလိမ့်မည်။

### အဆင့် ၁ — ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်တို့အတွက် အမျိုးသား လမ်းညွှန်ချက်များ ပြုစုရေး

အစီအစဉ် အကောင်အထည်ဖော်မှု၏ အစတွင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့် ကျောင်း ထောက်ပံ့ကြေး အစီအစဉ်များအတွက် အမျိုးသားလမ်းညွှန်ချက်များကို ပညာရေးဝန်ကြီးဌာန က ရေးဆွဲမည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန သည် ထိုလမ်းညွှန်ချက်များကို ဤ CPPF နှင့်အညီ ရေးဆွဲမည် ဖြစ်သည်။ အမျိုးသား ပညာသင်ထောက်ပံ့ကြေး လမ်းညွှန်ချက်များနှင့် အမျိုးသားကျောင်းထောက်ပံ့ကြေး လမ်းညွှန်ချက်များ ပြုစုပြီးသောအခါ ယင်းတို့ကို ကန့်သတ် ထားမှု မရှိသော လူနည်းစုလူမျိုးစုများ အပါအဝင် အဓိကပါဝင်ဆောင်ရွက်သူများနှင့် သွင်းအားစုများအတွက် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးမည် ဖြစ်သည်။ ကျောင်းထောက်ပံ့ကြေး အစီအစဉ်များနှင့်ပတ်သက်၍ ယင်းကို ပညာရေးဝန်ကြီးဌာန က တစ်နိုင်ငံလုံး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန သည် ဤ CPPF ၌ အောက်တွင် ဖော်ပြထား သော ကြီးကြပ်ရေးနှင့် တိုင်ကြားမှုဖြေရှင်းရေးစနစ်များကို အခြေခံကာ အစီအစဉ်တစ်လျှောက် အကောင်အထည်ဖော် ဆောင်ရွက်မှုကို အနီးကပ်ကြီးကြပ်သွားမည် ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့်ပတ်သက်၍ အောက်ပါ လုပ်ထုံးလုပ်နည်းများပေါ် မူတည်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

[၈] မြို့နယ်လုပ်ငန်း အစီအစဉ်အဖွဲ့တွင် မြို့နယ်ပညာရေးမှူးရုံးနှင့် ကျောင်းများမှ ကိုယ်စားလှယ်များ ပါဝင်သည်။

**အဆင့် ၂ — ဌာနဆိုင်ရာ အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှု**

အမျိုးသားအဆင့်တွင် ပညာရေးဝန်ကြီးဌာန သည် အစီအစဉ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ အစီရင်ခံမှု၏ ကဏ္ဍတစ်ရပ်အဖြစ် အစီအစဉ်အား မြို့နယ်သစ်များသို့ ဖြန့်ကျက်ခြင်းမပြုမီ ရပ်ရွာပါဝင်ဆောင်ရွက်မှု စီမံချက် (CPP) ၏ နှစ်စဉ် ခေတ်မီအောင် ပြုစုရေးအတွက် DEPT အား တာဝန်အပ်နှင်းထားသည်။ DEPT သည် ဤ CPPF ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ DBE များနှင့် အနီးကပ်ဆောင်ရွက်မည် ဖြစ်သည်။ မြို့နယ် အစီအစဉ် လုပ်ငန်းအဖွဲ့များ (TPWG) နှင့် ကျောင်းအစီအစဉ်ကော်မတီများ (SPC) တို့ကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယင်းတို့ကို ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များအတွက် ပညာရေးဝန်ကြီးဌာန ၏ ပြင်ဆင်တည်းဖြတ် ထားသော လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်အဆင့်၌ အစီအစဉ် အကောင်အထည်ဖော်မှုအတွက် တာဝန်ရှိမည် ဖြစ်သည်။

လူနည်းစုလူမျိုးစုများနှင့် အမျိုးသမီး မိဘများ ပါဝင်သော လုံခြုံမှုမရှိသည့် အုပ်စုများ၏ ကိုယ်စားလှယ်များ အား ကျောင်းအစီအစဉ်ကော်မတီတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးမည် ဖြစ်သည်။

DEPT ၊ DBEs တို့၏ သတ်မှတ်ထားသော အရာရှိများသည် TEO (မြို့နယ်ပညာရေးမှူး) များ၊ TPWGs များနှင့် SPCs များကို အတူ ပူးပေါင်းဆောင်ရွက်သွားမည်။ TEO (မြို့နယ်ပညာရေးမှူး) များ၊ TPWGs များနှင့် SPC များ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ပညာသင် ထောက်ပံကြေးအစီအစဉ်အတွက် အမျိုးသားလမ်းညွှန်ချက်များတွင် ရှင်းလင်းဖော်ပြသွားမည် ဖြစ်သည်။

**အဆင့် ၃ — အဓိကပါဝင်ဆောင်ရွက်သူများ၏ စွမ်းရည်တည်ဆောက်ရေး**

ပညာရေးဝန်ကြီးဌာန သည် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းကာ CPPF ၏ အခြေခံများ အကောင်အထည်ဖော်ရန် DEPT နှင့် DBE တို့ အတွက် သင်တန်းပေးသွားမည် ဖြစ်သည်။ အထူးသဖြင့် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များ အကောင်အထည်ဖော် ကြီးကြပ်ရာတွင် CPPF များ ဖြေရှင်းရမည့် ပြဿနာများနှင့် အခန်းကဏ္ဍများနှင့် ပတ်သက်၍ လုံခြုံမှုမရှိဟု ဆန်းစစ်ချက်အခြေခံမှုများနှင့် ချဉ်းကပ်မှုများကို အထူးသဖြင့် လေ့ကျင့်သင်ကြားပေးသွား မည် ဖြစ်သည်။ DBE ၏ တာဝန်ရှိအရာရှိများသည် TEO (မြို့နယ်ပညာရေးမှူး) များ၊ TPWG များနှင့် ကျောင်းအုပ်ကြီးများကို CPPF အခြေခံမှု များ၏ အနှစ်သာရနှင့်ပတ်သက်၍ သင့်တော်သော သင်တန်းများကို ထပ်မံ ပို့ချသွားမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ပညာရေးဝန်ကြီးဌာန ၏ TEO (မြို့နယ်ပညာရေးမှူး) များ၊ TPWG များနှင့် ကျောင်းအုပ်ကြီးများ သင်တန်းတွင် CPPF အခြေခံအစိတ်အပိုင်းများ ပါဝင်မှု သေချာစေရန် ကူညီပေးမည် ဖြစ်သည်။ ရံဖန်ရံခါ သင်တန်းအပိုင်းများတွင် ပါဝင်ပို့ချသွားနိုင်ဖွယ် ရှိသည်။

**အဆင့် ၄ — အမျိုးသားအသိအမြင် လှုပ်ရှားမှု**

သတ်မှတ်ချက်နှင့်ပြည့်စုံသော ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများသည် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များကို ပိုမိုသိမြင်လာမှု သေချာရေးကို အထောက်အကူပြုရန် မီဒီယာလှုပ်ရှားမှုကို လူတိုင်းအတွက် ပညာရေး အမျိုးသားမူဝါဒအတွက် လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် TV နှင့် ရေဒီယို အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပညာသင်နှစ်အစမတိုင်မီ အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ မီဒီယာ လှုပ်ရှားမှုကိုယ်တိုင်က ပြည်သူလူထုအား လူတိုင်းအတွက် ပညာရေးမူဝါဒကို ပြန်ကြားရန် ရည်ရွယ်နေစဉ်တွင် ယင်း၌

ကျောင်းထောက်ပံ့ကြေး အစီအစဉ်နှင့်ပတ်သက်၍ သတ်မှတ်ထားသော အသုံးစရိတ်များနှင့် အခြားသတင်းအချက်အလက်များအပြင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ သတ်မှတ်ချက် ပြည့်စုံမှုနှင့် ရွေးချယ်မှုစံများ၊ ပညာသင်ထောက်ပံ့ကြေး အစီအစဉ် ဖြန့်ကျက်မည့် မြို့နယ်များ အမည်စာရင်းနှင့် အကြံပြုမှု နည်းစနစ်များ ဖော်ပြချက်တို့ ပါဝင်မည် ဖြစ်သည်။ လက်ကမ်းစာစောင်များသည်လည်း သတ်မှတ်ချက်နှင့် ပြည့်စုံသော ကျောင်းသားများသည် ၎င်းတို့၏ မိဘများရရှိနိုင်သည့် TPWG များနှင့် SPC များ၏ အခန်းကဏ္ဍများ၊ တိုင်ကြားမှုဖြေရှင်းရေးနှင့် အကြံပြုချက်စနစ်များကို ဖော်ပြထားမည် ဖြစ်သည်။ ထိုလက်ကမ်းစာစောင်များကို အဓိကလူမျိုးစုများ၏ ဘာသာစကားနှင့် ရိုးရှင်းသော မြန်မာ ဘာသာစကားကို အသုံးပြုမည် ဖြစ်သည်။ TEO (မြို့နယ်ပညာရေးမှူး) များသည် ထိုစာစောင်များကို ၎င်းတို့သက်ဆိုင်ရာ မြို့နယ်များအတွင်း ရှိ ကျောင်းအားလုံးကို ဖြန့်ဖြူးမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးများသည် SPC များနှင့် ပူးပေါင်းကာ ထိုစာစောင်များကို ကျောင်းများ၌ အလွယ်တကူရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အဆင့် ၅ — ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် မြို့နယ်များရွေးချယ်ခြင်း**

ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို ၂၀၁၄-၂၀၁၇ ပညာသင်နှစ်အတွင်း မြို့နယ် ၄၀ ၌ ဆောင်ရွက်သွားရန် ရည်မှန်းထားသည်။ ထိုမြို့နယ်များ ရွေးချယ်ရေးအတွက် စံများကို ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် အမျိုးသားလမ်းညွှန်ချက်များတွင် ပြဋ္ဌာန်းပေးထားမည် ဖြစ်သော်လည်း ယင်းတို့သည် ဆင်းရဲနွမ်းပါးမှု၊ ဝေးလံခေါင်းပါးမှုနှင့် ကျောင်းထွက်နှုန်းအဆင့်များ ပါဝင်မည် ဖြစ်သည်။

**အဆင့် ၆ — ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် လူမှုရေးဆန်းစစ်ချက် (SA)**

SA ကို နှစ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသည် သက်ဆိုင်ရာနှစ်တွင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၌ ပါဝင်လာမည်ဖြစ်သော မြို့နယ်သစ်များကို လွှမ်းခြုံမိမည် ဖြစ်သည်။ SA တွင် ဘေးကင်းလုံခြုံမှု မရှိမှု ဆန်းစစ်ချက်နှင့် ကျောင်းအဆင့်များတွင် လွတ်လပ်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုများဟူ၍ ၂-ပိုင်း ပါဝင်မည် ဖြစ်သည်။ SA ၏ ရလဒ်များသည် CPP ဖွံ့ဖြိုးတိုးတက်ရေး အစီရင်ခံမှုကို အထောက်အကူပြုမည် ဖြစ်သည်။

ဘေးကင်းလုံခြုံမှု မရှိမှု ဆန်းစစ်ချက် ။ နှစ်စဉ် သက်ဆိုင်သော DBE အရာရှိများသည် ဝန်ကြီးဌာနက ပညာသင်ထောက်ပံ့ကြေး အစီအစဉ် ဖြန့်ကျက်ပြီး TEO (မြို့နယ်ပညာရေးမှူး) များ၊ ATEO (မြို့နယ်ပညာရေးမှူး) များ၊ TPWG များနှင့် SPC များနှင့် အတူတကွ ဘေးကင်းလုံခြုံမှုမရှိဟု ဆန်းစစ်မှုကို ဆောင်ရွက်သွားမည့် မြို့နယ်များသို့ သွားရောက်မည် ဖြစ်သည်။ ထိုဆန်းစစ်ချက်သည် မြို့နယ်များအတွင်းရှိ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်နှင့် ကိုက်ညီမှု အလားအလာရှိပြီး ထိုအစီအစဉ်ကို အထူးသဖြင့် လိုအပ်နေသော လုံခြုံရေးအုပ်စုများကို ခွဲခြားသတ်မှတ်ရန် ရည်ရွယ်သည်။ ဘေးကင်း လုံခြုံမှုမရှိသော အုပ်စုများ ခွဲခြားသတ်မှတ်ရန် ကိုက်ညီသော ညွှန်းကိန်းများနှင့် စံနှုန်းများကို ပြုစုဆဲဖြစ်ပြီး ပညာသင် ထောက်ပံ့ကြေး အစီအစဉ်အတွက် အမျိုးသားလမ်းညွှန်ချက်များတွင် အသေးစိတ်ဖော်ပြသွားမည် ဖြစ်သည်။ သို့ရာတွင် ယင်းတို့၌ အနည်းဆုံးအားဖြင့် ဆင်းရဲသားများ၊ မိဘမဲ့များနှင့် လူနည်းစုလူမျိုးစုများ ပါဝင်ရမည်။ သတ်မှတ်ချက်နှင့် ကိုက်ညီသော ဘေးကင်းလုံခြုံမှုမရှိသူ အုပ်စုများ၏ ကျား-မ နှင့် လူမျိုးစုနောက်ခံများ အပါအဝင် အခြေခံ အချက်အလက်များကို DBE အရာရှိများက မှတ်တမ်းတင်ရန် အသုံးပြုမည့် အမျိုးသားလမ်းညွှန်မှုများ၏ အစိတ်အပိုင်းအဖြစ် ရိုးရှင်းသော ပုံစံကို ပြုစုမည် ဖြစ်သည်။ အခြေခံ အချက်အလက်ပုံစံတွင် နယ်မြေအတွင်းရှိ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် အကျုံးဝင်သော မိသားစုများစာရင်း ပါဝင်မည် ဖြစ်သည်။ ထိုစာရင်းကို အတန်းပိုင်ဆရာများက

အဆိုပြုသော ကျောင်းသားများ၏ စာရင်းနှင့်အတူ မှန်-မမှန် စစ်ဆေးရန် SPC က အသုံးပြု မည် ဖြစ်သည်။ DBE အရာရှိများသည် အဆိုပါ ရလဒ်များ မှန်-မမှန် စစ်ဆေးရန် အချို့သော ကျောင်းများသို့ သွားရောက်ကောင်းသွားရောက်မည် ဖြစ်သည်။ ဘေးကင်းလုံခြုံမှု မရှိမှု ဆန်းစစ်ချက်၏ ရလဒ်ကို စုစည်းပြီး ယင်း၏ နှစ်စဉ် CPP ပြုစုရန်နှင့် လာမည့်နှစ်များအတွက် CPP အား ခေတ်မီပြုပြင်ရန် နေပြည်တော်ရှိ DEPT သို့ ပေးပို့မည် ဖြစ်သည်။

လွတ်လပ်၍ ကြိုတင်အသိပေးထားပြီးဖြစ်သော ဆွေးနွေးတိုင်ပင်မှုများ ။ DBE အရာရှိများသည် TEO (မြို့နယ်ပညာရေးမှူး) များ၊ ATEO (မြို့နယ်ပညာရေးမှူး) များ၊ TPWG များနှင့် ပူးပေါင်းကာ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်ဒီဇိုင်းအား အကြံဉာဏ်များ ရယူရေးနှင့် ထိုအစီအစဉ်ကို ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်ရေး လုပ်ငန်းများ အလားအလာကို ရှာဖွေရန် ရွေးချယ် ထားသော ကျောင်းများသို့ သွားရောက်၍ မိဘများ၊ ကျောင်းသားများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်မည် ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ ဆန့်ကျင်ဘက်သက်ရောက်မှု အလားအလာနှင့် လျော့ပါးရေးလုပ်ငန်းများကို လည်း စူးစမ်းရှာဖွေမည် ဖြစ်သည်။ ဆွေးနွေးတိုင်ပင်မှုများသို့ SPC များအား ဖိတ်ကြားမည်ဖြစ်ပြီး ပညာသင် ထောက်ပံ့ကြေး အစီအစဉ်မှ ဖယ်ရှားခံရနိုင်သော ဘေးအန္တရာယ်မလုံခြုံသည့် လူမှုရေးအုပ်စုများအပေါ် ၎င်းတို့၏ သဘောထားများကို တောင်းခံပြီး ဘေးကင်းလုံခြုံမှုမရှိဟု ဆန်းစစ်ချက်၏ သွင်းအားစုများအဖြစ် အသုံးပြုသွားမည် ဖြစ်သည်။ SPC များသည် ၎င်းတို့၏ ရွေးချယ်ထားသော ကျောင်းများရှိ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် အကြုံးဝင်မည့် အလားအလာရှိသော ဘေးကင်းလုံခြုံမှုမရှိသည့် အုပ်စုအားလုံးကို လွှမ်းခြုံသည့် ဆွေးနွေးတိုင်ပင်မှုများ သေချာစွာ ပြုလုပ်မည် ဖြစ်သည်။ ဆွေးနွေးတိုင်ပင်မှု မှတ်တမ်းများကို ပြုစုပြီး ပါဝင်ဆွေးနွေးသူများ၏ အကြံပြုချက် မှတ်တမ်းကို DBE နှင့် TEO (မြို့နယ်ပညာရေးမှူး) များက ထိန်းသိမ်းထားမည် ဖြစ်သည်။

ဒုတိယနှစ်မှစ၍ TEO (မြို့နယ်ပညာရေးမှူး) များနှင့် TPWG များသည် SA ကို ဆောင်ရွက်ရာတွင် ဦးဆောင်သွားမည်ဖြစ်ပြီး DBE များ၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုတို့အရ ဘေးကင်းလုံခြုံမှုမရှိဟု ဆန်းစစ်ချက်နှင့် ပါဝင်ဆောင်ရွက်သူများနှင့် ဆွေးနွေး တိုင်ပင်မှုများကို ဆောင်ရွက်သွားမည် ဖြစ်သည်။ DEPT နှင့် ဆက်စပ်သော DBE များသည် SA အား CPPF နှင့်အညီ ဆောင်ရွက်မှု သေချာစေရေးအတွက် တာဝန်ရှိဆဲဖြစ်ပြီး ဆက်စပ်သော DBE များသည် မြို့နယ်များတွင် ကျင်းပမည့် ညှိနှိုင်းတိုင်ပင်မှု အချို့သော အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်သော်လည်း SA ၏ အစိတ်အပိုင်းများစွာ အကောင်အထည်ဖော်ရေးကို TEO (မြို့နယ်ပညာရေးမှူး) များနှင့် TPWG များအား SPC များနှင့်ပူးပေါင်းကာ ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်စေမည် ဖြစ်သည်။ DBE က ရေးဆွဲပြီး အကောင်အထည်ဖော်မည့် SA လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများကို နားလည်သဘောပေါက်စေလိမ့်မည်။ ထိုသို့သော SA တာဝန်ဝတ္တရားများကို မြို့နယ်အဆင့်သို့ ကိုယ်စားလှယ်လွှဲပြောင်းခြင်းသည် နယ်မြေအဆင့်၌ ကောင်းမွန်သော လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အလေ့အကျင့်သည် ပိုမိုပေါင်းစည်းနိုင်ဖွယ်ရှိမှု သေချာစေရန် အရေးကြီးသည်။ သို့ရာတွင် DBE သည် သက်ဆိုင်ရာ TEO (မြို့နယ်ပညာရေးမှူး) များနှင့် TPWG များ၏ အရည်အသွေးပေါ်တွင် အခြေခံကာ ကိုယ်စားလှယ်လွှဲအပ်မည့် အဆင့်ကို ဆုံးဖြတ်မည်ဖြစ်သည်။ DEPT နှင့် DBE များရှိ တာဝန်ရှိအရာရှိများသည် လမ်းညွှန်မှုအတွက် ကမ္ဘာ့ဘဏ်လုပ်ငန်းအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးမည် ဖြစ်သည်။

**အဆင့် ၇ - ရပ်ရွာပါဝင်ဆောင်ရွက်ရေး စီမံချက်များ (CPP ၏ ဖွံ့ဖြိုးတိုးတက်မှု)**

SA ၏ ရလဒ်ပေါ်မူတည်ကာ CPP ကို DEPT က နှစ်စဉ် ခေတ်မီအောင် ပြုစုသွားမည် ဖြစ်သည်။ CPP တွင် ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် အမျိုးသားလမ်းညွှန်ချက်များတွင် ဖော်ပြသွားမည် ဖြစ်သည်။ CPP သည် ဘေးကင်းလုံခြုံမှုမရှိသော လူမှုရေးအုပ်စုများအား အစီအစဉ်ကျေးဇူးများမှ ချန်လှပ်ခြင်းမရှိမှု သေချာစေရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး အစီအစဉ်၏ ဆန့်ကျင်သက်ရောက်မှုများရှိပါက ယင်းတို့ကို အပြည့်အဝဖြေရှင်းပေးသွားမည် ဖြစ်သည်။ ထို့ကြောင့် CPP သည် အခြေခံအားဖြင့် အောက်ပါတို့ပါဝင်သော လူမှုရေးလျစ်လျူရှုမှု စွန့်စားမှုများကို ဖြေရှင်းရန် အလေးထား ဆောင်ရွက်သွားမည် ဖြစ်သည်။

- ဘေးကင်းလုံခြုံမှု မရှိမှု ဆန်းစစ်ချက်အကျဉ်းချုပ်
- အစီအစဉ်အတွက် ကျယ်ပြန့်သော ရပ်ရွာထောက်ခံမှု ရရှိစေသော လူနည်းစုလူမျိုးစုများ အပါအဝင် ထိခိုက်ခံရသော ဆင်းရဲသားများနှင့် ဘေးကင်းလုံခြုံမှုမရှိသော အုပ်စုများနှင့် လွတ်လပ်ပြီး ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှု ရလဒ်များ အကျဉ်းချုပ်
- ကျောင်းအဆင့်တွင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ အကောင်အထည်ဖော်မှုနှင့် ရပ်ရွာပါဝင်ဆောင်ရွက်မှု အထူးသဖြင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ စီမံအုပ်ချုပ်မှုတွင် ကျောင်းအစီအစဉ်ကော်မတီ၏ ပါဝင်ဆောင်ရွက်မှု နည်းလမ်း၊ ပညာသင်ထောက်ပံ့ကြေး ရရှိမည့်သူများအား ရွေးချယ်မှုနှင့် အစီအစဉ်အကောင်အထည်ဖော်ရေး ကြီးကြပ်မှုတို့အတွက်မူဘောင် လွတ်လက်၍ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုများကို ပါဝင်ဆောင်ရွက်မှု မူဘောင်၏ ကဏ္ဍအဖြစ် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသားများနှင့် ဘေးကင်းလုံခြုံမှုမရှိသော လူမှုရေးအုပ်စုများကို ပိုင်ဆိုင်သည့်သူများ အပါအဝင် ၎င်းတို့၏ မိဘများနှင့် ပြုလုပ်သင့်သည်။ ရည်ရွယ်ချက်များ ဆင်းရဲသားများနှင့် ဘေးကင်းလုံခြုံမှုမရှိသော ကျောင်းသားများသည် အမှန်စင်စစ် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်မှ အကျိုးခံစားနိုင်စွမ်းရှိမှု သေချာစေရန် ဖြစ်သည်။
- ဆန့်ကျင့်ဘက်သက်ရောက်မှု အလားအလာများရှိလျှင် ယင်းတို့အား ဖော်ပြချက်နှင့် ဖြေရှင်းရန် နည်းလမ်းများ
- TEO (မြို့နယ်ပညာရေးမှူး) များ၊ TPWG များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် SPC များကဲ့သို့ သက်ဆိုင်သူများ၏ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ စွမ်းရည်ပြည့်ဝသော စီမံ အုပ်ချုပ်မှုတွင် အရည်အသွေးခိုင်မာတောင့်တင်းစေမည့် သင်တန်းအစီအစဉ် ဖော်ပြချက်
- CPP အကောင်အထည်ဖော်မှုဆိုင်ရာ ကြီးကြပ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် နည်းစနစ်များနှင့် စံနှုန်းသတ်မှတ်ချက်များ၊ အစီအစဉ်အကောင်အထည်ဖော်ရေး၏ အကျိုးကျေးဇူး ခံစားရသော ကျောင်းသားများ၊ ၎င်းတို့၏ မိဘများ အထူးသဖြင့် SPC မှတစ်ဆင့် ပါဝင်ဆောင်ရွက်မှုကို စရိတ်အသက်သာဆုံးသော ထောက်ပံ့မှုများကို ခွဲခြားသတ်မှတ်သွားမည် ဖြစ်သည်။
- တိုင်ကြားမှု ဖြေရှင်းရေး နည်းစနစ်များ
- အစီအစဉ်များအတွက် ပညာရေးဝန်ကြီးဌာန နှစ်စဉ် ဘတ်ဂျက်တွင် ပါဝင်မည့် CPP အကောင်အထည်ဖော်ရေးအတွက် ဘဏ္ဍာငွေ ထောက်ပံ့မှု အစီအစဉ်

CPP ၏ မိတ္တူများကို ခံစားခွင့်ရှိသော ကျောင်းများတွင် အလွယ်တူရရှိအောင် ဆောင်ရွက်ပေးမည် ဖြစ်သည်။ CPP သည် သင့်တော်ပြီး ဖြစ်နိုင်စွမ်းရှိသော မြို့နယ်များ၏ သက်ဆိုင်ရာ လူမျိုးစုဘာသာစကားများဖြင့် ဘာသာပြန်ဆို ပေးမည် ဖြစ်သည်။

**အဆင့် ၈ — CPP ကိုအသိပေးခြင်း**

**CPP ကို** အကျိုးခံစားခွင့်ရှိသော ကျောင်းများ သို့ ဖြန့်ဝေပါမည်။ ယင်းတို့ကို ကျောင်းများ၌ အလွယ်တကူရရှိအောင် စီစဉ်ပေးထား ရမည်။ သင့်တော်ပြီး ဖြစ်နိုင်ခြေရှိသော မြို့နယ်များတွင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားသို့ ပြန်ဆိုပါမည်။ ပညာရေးဝန်ကြီးဌာနသည် CPP မူကြမ်းကို သင့်တော်သော အုပ်စုများနှင့် တိုင်ပင်ပြီး ရရှိသော အကြံပြုချက်များပေါ် မူတည် ပြီး ပြန်လည်ပြုပြင်ရေးဆွဲမည်။ ကျောင်းများရှိ တိုင်းရင်းသားလူနည်းစုများနှင့် အကျိုးခံစားခွင့် နည်းပါးသော အုပ်စုများမှ ကိုယ်စားလှယ်များပါဝင်သော ကျောင်းအစီအစဉ်ကော်မတီ မှ CPP ကို ဆွေးနွေးပြီး လိုအပ်ပါက ပြန်လည်ပြုပြင်ရေးဆွဲခြင်းများပြုလုပ်ရန် TEO နှင့် TPWG များတွင် တာဝန်ရှိသည်။

**အဆင့် ၉ — CPP ကိုအကောင်အထည်ဖော် ခြင်း**

သတ်မှတ်ချက်နှင့် အကျုံးဝင်သော ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများမှပညာသင်ထောက်ပံ့ကြေး အစီအစဉ်ကို သတိပြုမိစေရန်နှင့် ထိုအစီအစဉ်မှ အကျိုးခံစားနိုင်ခွင့်များကို သိရှိနိုင်စေရန် ရည်ရွယ် ၍၊ အစီအစဉ်၏ ရည်ရွယ်ချက်များ၊ အရည်အချင်း သတ်မှတ်မှုများ၊ ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် အကြံပြုမှု လုပ်ငန်းစဉ်များကို ဖော်ပြထားသော လက်ကမ်းစာစောင်ကို မြန်မာဘာသာနှင့် အဓိကတိုင်းရင်းသားလူမျိုး ဘာသာစကားများဖြင့် ထုတ်ဝေရမည်။ TEO (မြို့နယ်ပညာရေးမှူး) များသည် ထိုလက်ကမ်းစာစောင်များ ကို ၎င်းတို့၏ သက်ဆိုင်ရာ မြို့နယ်များအတွင်းရှိ ကျောင်းအားလုံးသို့ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးများသည် SPC များနှင့် ပူးပေါင်းကာ ယင်းတို့ကို ကျောင်းများ၌ အလွယ်တကူရရှိအောင် စီစဉ်ပေးမည် ဖြစ်သည်။

DEPT နှင့် DBE များသည် CPP အကောင်အထည်ဖော်မှုအတွက် တာဝန်အားလုံးရှိသည်ဟု မှတ်ယူရမည်။ မြို့နယ်ပညာရေးမှူးများ (TEO (မြို့နယ်ပညာရေးမှူး)) သည် TPWG များနှင့်အတူ CPP နေ့စဉ် အကောင်အထည်ဖော်မှု၏ တာဝန်ခံဖြစ်ရ မည်။ ထို့ပြင် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်၏ တိုးတက်မှုကို ပုံမှန်သုံးသပ်ရမည်။ CPP အကောင်အထည်ဖော်မှု ကို ပညာရေးဝန်ကြီးဌာန ၏ အစီအစဉ် အကောင်အထည်ဖော်မှုနှင့်ပတ်သက်သော နှစ်စဉ် အစီရင်ခံခြင်း၏ ကဏ္ဍအဖြစ် ပညာရေးဝန်ကြီးဌာန နှင့် ကမ္ဘာ့ဘဏ်တို့သို့ နှစ်စဉ်အစီရင်ခံရမည်။

ပညာရေးဝန်ကြီးဌာန မှ အတည်ပြုပြီးသည့် အခါ လွတ်လပ်ပြီး ကြိုတင် အသိပေး တိုင်ပင်ပြုလုပ်ထားသော လူမှုရေးဆန်းစစ်ချက်များကို တိုင်းရင်းသားများနှင့် အကျိုးခံစားခွင့်များကို လက်လှမ်းမီမှု နည်းပါးသော လူမှုရေးအုပ်စုများနှင့် စီမံချက် မြို့နယ်များတွင် CPPF နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ဘုတ်အဖွဲ့ အတည်ပြုခြင်း မတိုင်မီ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အကောင်အထည် ဖော်ဆောင် ရွက်မည့် ပထမနှစ်တွင် ပါဝင်သော မြို့နယ်များကို သိရှိရန် မျှော်လင့်ပါသည်။ CPP ကို လည်း ထို တွေ့ရှိချက်များအပေါ် အခြေပြု ၍ စီမံချက်အကောင်အထည်ဖော်သည့် ကာလအတွင်း ရေးဆွဲသွားမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ဘုတ်အဖွဲ့ မှ CPP ကို အတည်ပြုပြီးသည့်အခါ ပထမနှစ်၏စီမံချက်မြို့နယ်များသို့ ရံပုံငွေ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဒုတိယနှစ်နှင့် နောက်ပိုင်းတွင်လည်း ဤ လုပ်ငန်းအဆင့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ CPP အား ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း

ပညာရေးဝန်ကြီးဌာနသည် ၎င်းတို့၏ ကြီးကြပ်မှုအခန်းကဏ္ဍများကို အထောက်အကူပြုခြင်းမှတစ်ဆင့် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်များ ကြီးကြပ်ခြင်းတွင် SPC အား တာဝန်လွှဲအပ်မည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အတွက် SPC သည် အကျိုးခံစားခွင့်ရသော ကျောင်းသားများ၊ မိဘများနှင့် ပုံမှန်တွေ့ဆုံမည်ဖြစ်ပြီး အထူးသဖြင့် ပညာသင်ထောက်ပံ့ကြေး ထုတ်ပေးမှုများနှင့်ပတ်သက်၍ တုံ့ပြန်ပြောကြားမှုများ ရယူမည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေး ခံစားရသော ကျောင်းသားများသည် ကျောင်းတက်မှန်ကန်မှုမရှိလျှင် SPC သည် ကျောင်းသားများကျောင်းတက်မှုနှင့်ပတ်သက်၍ အတန်းပိုင်ဆရာများနှင့် အနီးကပ်ဆောင်ရွက်သွားမည် ဖြစ်သည်။ SPC ၏ မိဘဆရာအဖွဲ့ဝင်များသည်လည်း ကျောင်းမတက်သည့် အကြောင်းရင်းများကို စုစည်းရန်နှင့် ထိုပြဿနာများကို ဖြေရှင်းမှုနည်းလမ်းများ ခွဲခြားသတ်မှတ်ရေးအပြင် ကျောင်းသားများ ကျောင်းတက်ရေးအတွက် တိုက်တွန်းအားပေးရန် ကျောင်းသားနှင့် မိသားစုတို့အား သွားရောက်တွေ့ဆုံရန် လိုအပ်သည်။ ထိုသို့ သွားရောက်မှုများ၏ မှတ်တမ်းကို SPC အစည်းအဝေးများတွင် ဆွေးနွေးမည်ဖြစ်ပြီး ကျောင်း၌ ထိန်းသိမ်းထားမည် ဖြစ်သည်။ ထို့ပြင် SPC သည် နှစ်စဉ် အကျိုးခံစားမှု ဆန်းစစ်ချက်ကို အကူအညီပေးရန်နှင့် ကျောင်းနှင့် အိမ်ထောင်စု လေ့လာမှုများ၏ ဆက်သွယ်ရန် ဗဟိုချက်ဖြစ်သည်။ SPC သည် အဆိုပါ ဆန်းစစ်ချက်နှင့် လေ့လာမှုများကို ကျောင်းအသိုက်အဝန်းအား သတင်းပေးရန်အတွက် ကျောင်းအစည်းအဝေးတစ်ခုကို စီစဉ်မည် ဖြစ်သည်။ အစီအစဉ်၏ အကောင်အထည်ဖော်မှု ဆောင်ရွက်မှု ပိုမိုတိုးတက်ရေးအတွက် ထိုအစည်းအဝေးမှ အကြံပြုချက်များကို TPWG များနှင့် TEO (မြို့နယ်ပညာရေးမှူး) များသို့ တင်ပြမည် ဖြစ်သည်။ SPC သည် ဆန်းစစ်ချက် လေ့လာမှုများနှင့် အကြံပြုချက်များ၏ ရလဒ်များကို ကျောင်း၏ သတိပေးသင်ပုန်းတွင် ခင်းကျင်းပြသထားမှု သေချာစေရန် ဆောင်ရွက်မည် ဖြစ်သည်။

ကျောင်းထောက်ပံ့ကြေး အစီအစဉ်အတွက်အနေဖြင့် ထောက်ပံ့မှုများ ဖြည့်ဆည်းပေးမည်ဖြစ်ရာ SPC များသည် ကျောင်းစီမံချက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြီးသတ်ကျောင်း တိုးတက်မှုစီမံချက်ကို ထောက်ခံရေးအတွက် အကြံဉာဏ်များ ပေးနိုင်မည် ဖြစ်သည်။ ထောက်ခံထားသော ကျောင်းတိုးတက်ရေး စီမံချက်ကို ကျောင်းအစည်းအဝေးတွင် ကြေညာမည်ဖြစ်ပြီး အများပြည်သူအတွက် ကျောင်းသတိပေးသင်ပုန်းတွင် ခင်းကျင်းပြသထားမည် ဖြစ်သည်။ SPC များသည် ထောက်ခံထားသော ကျောင်းတိုးတက်မှု စီမံချက်အရ ကျောင်းထောက်ပံ့ကြေးများ အကောင်အထည်ဖော်မှုကို ပုံမှန်ကြီးကြပ်သွားမည် ဖြစ်သည်။ မြို့နယ်များသည် ကျောင်းများ၏ ဖြန့်ဝေမှုနှင့် အရေအတွက်ကို ကျောင်းစီမံချက်နှင့်အတူ DBE များနှင့် DEPT တို့သို့ အစီရင်ခံမည်ဖြစ်ပြီး DEPT သည် ပညာရေးဝန်ကြီးသို့ အစီရင်ခံမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဘဏ်နှင့် ယင်း၏ ဆက်သွယ်သော အေဂျင်စီက ရန်ပုံငွေကျခံပြီး အကူအညီဖြည့်ဆည်းပေးသော အကျိုးခံစားခွင့် ဆန်းစစ်ချက်ကို နှစ်စဉ်ဆောင်ရွက်သွားမည် ဖြစ်သည်။ ရည်ရွယ်ချက်မှာ CPPF အကောင်အထည်ဖော်မှု အပါအဝင် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးများနှင့်ပတ်သက်၍ လွန်ခဲ့သော နှစ်၏ တိုးတက်မှုကို ဆန်းစစ်ရန်နှင့် ပညာရေးဝန်ကြီးဌာန နှင့် အကျိုးခံစားရသော ရပ်ရွာများနှင့်

တွေ့ဆုံဆွေးနွေးမှုများ စီစဉ် မည်ဖြစ်ပြီး ဆန်းစစ်ချက်ရလဒ်များကို မျှဝေမည် ဖြစ်သည်။ အစည်းအဝေးမှတ်တမ်းများကို DEPT နှင့် DBE များသို့ တင်ပြမည် ဖြစ်သည်။

ပြည်တွင်းနယ်မြေများရှိ ကြီးကြပ်ရေးအဆင့်များကို ဘဏ်က စီမံကွပ်ကဲသော နည်းပညာအကူအညီ (TA) အစီအစဉ်က ပြီးပြည့်စုံအောင် ဆောင်ရွက်မည်ဖြစ်ပြီး အဆက်မပြတ်တိုးတက်စေရန် အထောက်အကူပြုမည့် သတင်းများအား ပညာရေးဝန်ကြီးဌာန သို့ ဖြည့်ဆည်းပေးမည် ဖြစ်သည်။ အစီအစဉ်၏ ကြီးကြပ်ခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်း တိုးတက်မှုနှင့် ဆက်စပ်နေသော TA အစီအစဉ်တွင် အောက်ပါတို့ ပါဝင်မည် ဖြစ်သည်။

(၁) ငွေထုတ်ပေးမှုနှင့်ဆက်စပ်သော ညွှန်းကိန်းများအရ ပေးချေမှုများကို ထုတ်ပေးခြင်းမပြုမီ သတိဂီရိယထားသောအနေဖြင့် အစီအစဉ်များ၏ အဆင့်အတန်း မှန်-မမှန် လွတ်လပ်စွာ စစ်ဆေးရန် ချက်ချင်းစစ်ဆေးမှုများ

(၂) ကျောင်းနှင့် အိမ်ထောင်စု နစ်စဉ် လေ့လာမှုများသည် ကျောင်းညွှန်ကြားချက်နှင့် သင်ကြားမှု အထောက်အကူပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိရမည့်အပြင် အစီအစဉ်များ၏ အကျိုးခံစားရမည့်သူများကိုလည်း သိရှိရမည် ဖြစ်သည်။ ထိုလေ့လာမှုများသည် အစီအစဉ်သည် ယင်း၏ ရည်မှန်းချက်များကို ရောက်ရှိခြင်း ရှိ-မရှိ အကဲဖြတ်ရန် ပုံစံပြုထားမည့် အစီအစဉ်၏ သက်ရောက်မှု တန်ဖိုးဖြတ်ခြင်းနှင့် ချိတ်ဆက်စေရန် ရည်ရွယ်သည်။

(၃) ကောင်းစွာ အကျိုးမဖြစ်ထွန်းဘဲ ကျောင်းများနှင့် မြို့နယ်များမှ တုံ့ပြန်မှုများရရှိသည့် လုပ်ထုံးလုပ်နည်းများကို ခွဲခြားသတ်မှတ်ရန် အစီအစဉ်အကောင်အထည်ဖော်ရေး ဆန်းစစ်သည့် လုပ်ငန်းစဉ် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု တန်ဖိုးသတ်မှတ်ချက်များ

CPPF အကောင်အထည်ဖော်ရေးတွင် တိုင်ကြား တိုင်ကြားမှုများကို ကိုင်တွယ် ဖြေရှင်းရာတွင် မည်သို့ဆောင်ရွက်ခဲ့သည် အပါအဝင် လုပ်ဆောင်ချက်အကဲဖြတ်မှုသည် TA အစီအစဉ်တွင် ပါဝင်မည် ဖြစ်သောကြောင့် CPPF ပြည့်စုံသော အကောင်အထည်ဖော်မှုကို နှောင့်နှေးကြန့်ကြာစေနိုင်သော ပြဿနာများအား လျင်မြန်စွာနှင့် စရိတ်သက်သာစွာ ခွဲခြားသတ်မှတ်နိုင်မည် ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးအစဉ်များအား ကျောင်းအဆင့်တွင် မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (အကျိုးခံစားခွင့်နည်းပါးသော အုပ်စုများနှင့် မည်သည့်တိုင်ပင် ဆွေးနွေးခဲ့သည်၊ ယင်းတို့သည် အစီအစဉ်များမှ မည်သည့် အကျိုးခံစားခဲ့ရသည် အပါအဝင်) နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူများ၏စိတ်ကြေနပ်မှုအပေါ် အခြေခံ၍ အစီအစဉ်၏လုပ်ငန်းလမ်းညွှန်များကို ပြန်လည်သုံးသပ် ပြုပြင်သွားမည်။ ဤ ၍

ကမ္ဘာ့ဘဏ်သည် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးအစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန် အထူးတာဝန်အဖွဲ့များအား တစ်နှစ်လျှင် ၂-ကြိမ် ဆောင်ရွက်စေမည် ဖြစ်သည်။ CPP အကောင်အထည်ဖော်မှု အခြေခံအစိတ်အပိုင်းများသည် လွတ်လပ်သော အကြံပေးပုဂ္ဂိုလ်များ၏ စီမံကိန်းကာလလယ် သုံးသပ်မှုနှင့် စီမံကိန်းပြီးဆုံးချိန်တန်ဘိုးသတ်မှတ်မှုကို အစိတ်အပိုင်း ဖြစ်မည်။

## ၅။ တိုင်ကြားမှုဖြေရှင်းရေး နည်းစနစ်များ

ပညာရေးဝန်ကြီးဌာနသည် ဤပြုပြင်ရေးဆွဲထားသော လမ်းညွှန်ချက်များတွင် ပါဝင်သော တိုင်ကြားမှုဖြေရှင်းရေးစနစ်မှတစ်ဆင့် ကျောင်းသားများနှင့် မိဘများမှ မေးခွန်းမေးခြင်း၊ ရှင်းလင်းမေးမြန်းခြင်းတို့ ပြုလုပ်နိုင်ရန် အခွင့်အလမ်းပေးသွားမည် ဖြစ်သည်။ ယင်းသည် မြို့နယ်အဆင့်၌ အဓိကပြဿနာများနှင့် ထိုပြဿနာများကို ပွင့်လင်းမြင်သာသော ပုံစံဖြင့် ဖြေရှင်းရန် စီမံခန့်ခွဲရေးအတွက် ပညာရေးဝန်ကြီးဌာန က ရည်ရွယ်ပါသည်။ DEPT ၊ DBE များနှင့် TEO (မြို့နယ်ပညာရေးမှူး) များသည် အဆိုပါ လုပ်ငန်းစဉ်များနှင့် နည်းစနစ်များကို ဒေသခံလူထုအား အသိပေးမှု သေချာ စေရန် ဆောင်ရွက်မည် ဖြစ်သည်။ အကြံပြုချက်များ၊ စောဒကတက်မှု ဖြေရှင်းမှု အသေးစိတ်လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ပညာရေးဝန်ကြီးဌာန အစီအစဉ် လမ်းညွှန်ချက်များတွင် ထည့်သွင်းရေးဆွဲမည်ဖြစ်သော်လည်း ယင်းတို့တွင် အောက်ပါ အခြေခံမှုများပါဝင်မည် ဖြစ်သည်။

(၁) ပညာရေးဝန်ကြီးဌာန သည် အကြံပြုချက်များနှင့် စောဒကများကို လက်ခံဖြေရှင်းရန် ရိုးရှင်းသော လုပ်ထုံးလုပ်နည်း တစ်ရပ်ကို တည်ထောင်မည် ဖြစ်သည်။ ပါဝင်သော မြို့နယ်ပညာရေးမှူးရုံးတစ်ခုချင်းစီတွင် M&E ဗဟိုချက် ပုဂ္ဂိုလ်တစ်ဦးကို ခန့်ထားမည်ဖြစ်ပြီး ၎င်း၏ တာဝန်တွင် မေးခွန်းများ၊ စောဒကများနှင့် ဒေသခံလူများထံမှ စိုးရိမ်မှုများ အပါအဝင် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေး အစီအစဉ်အားလုံးကို ကြီးကြပ်ရန် ပါဝင်သည်။

(၂) စောဒကများ သို့မဟုတ် တိုင်ကြားချက်များကို အောက်ပါလမ်းကြောင်းများမှတစ်ဆင့် တင်ပြနိုင်သည်။

- နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၏ P.O.Box
- အစီအစဉ်လုပ်ငန်းများ အစည်းအဝေး အများပြည်သူတိုင်ကြားချက်များ
- ကျောင်းဆရာများ၊ ကျောင်းအုပ်ကြီးများ၊ TEO (မြို့နယ်ပညာရေးမှူး) များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ အကြီးအကဲများသို့ တိုက်ရိုက်တင်ပြခြင်း

(၃) ကျောင်းအုပ်ကြီးများသည် တိုင်ကြားမှုများနှင့် အကြံပြုချက်များကို လက်ခံဖြေရှင်းမှတ်တမ်းတင်သော ပထမဦးဆုံးဆက်စပ်သူဖြစ်သည်။ တိုင်းရင်းသားလူနည်းစုများနှင့် အကျိုးခံစားခွင့်နည်းပါးသူများ ပါဝင်သော SPC အား ထိုကိစ္စများကို ကျောင်းအုပ်ဆရာကြီးများနှင့် ပူးပေါင်း၍ လက်ခံဖြေရှင်း ရန် လုပ်ပိုင်ခွင့် လွှဲအပ်မည်ဖြစ်သည်။

(၄) ကျောင်းအဆင့်တွင် ကျေနပ်ဖွယ်ရှိသော ဖြေရှင်းချက်များ မတွေ့ရှိပါက ထိုပြဿနာကို TEO (မြို့နယ်ပညာရေးမှူး) များသို့ ဆက်လက်တင်ပြရမည်။ ကျေနပ်လောက်သော ဖြေရှင်းချက်မျာမရရှိပါသေးပါက တိုင်ကြားချက်ကို ပညာရေးဝန်ကြီးဌာန သို့ ဆက်လက် တင်ပြရမည်။

(၅) ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးအစီအစဉ်များ အကောင်အထည်ဖော်သည့် နေရာများရှိ ဒေသခံလူထုအားလုံးသည် အကြံပြုချက်များ၊ စိုးရိမ်ပူပန်မှုများ မေးခွန်းများကို နေပြည်တော်တွင် တည်ရှိသော အထူး P.O.Box မှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက် တင်ပြရန် အကျုံးဝင်သည်။

(၆) ပါဝင်ဆောင်ရွက်သော မြို့နယ်တစ်ခုချင်းစီရှိ TEO (မြို့နယ်ပညာရေးမှူး) သို့မဟုတ် ဗဟိုချက်ပုဂ္ဂိုလ်သည် လက်ခံရရှိပြီး တုံ့ပြန်ဖြေရှင်းခဲ့သော တိုင်တန်းချက်များ၏ မှတ်တမ်းကို

ထိန်းသိမ်းထားမည်ဖြစ်ပြီး DEPT နှင့် မျှဝေ ကာ ယင်းကို ပြန်လည်သုံးသပ်မှုအတွက် ဖိုင်တွဲ သိမ်းဆည်းထားမည် ဖြစ်သည်။

(၇) အစီအစဉ်လက်ကမ်းစာစောင်တွင် အကြံပြုချက်၊ တိုင်တန်းချက်စနစ်၏ ရှင်းလင်းချက်ပါဝင်မည် ဖြစ်ပြီး တိုင်တန်းချက်များအတွက် ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များကို ဖော်ပြထား သည်။

(၈) အစီအစဉ်များသည် အခန်း (၆) တွင် ဖော်ပြထားသည့် ပညာရေးဝန်ကြီးဌာန စီမံအုပ်ချုပ်မှုနှင့် စစ်ဆေးမှု၏ "ကျူးလွန်မှုများ ထိန်းချုပ်ရန် စီမံခန့်ခွဲခြင်း" လုပ်ထုံးလုပ်နည်းများကို ဆက်လက်အသုံးပြုမည် ဖြစ်သည်။

(၉) ကမ္ဘာ့ဘဏ်၏ နည်းပညာပံ့ပိုးမှု အစီအစဉ်အောက်တွင်ဆောင်ရွက်သွားမည့် ကျောင်းများသို့ ရောင်တစ်ခင် စစ်ဆေးရေး၊ နှစ်စဉ် ကျောင်း/အိမ်ထောင်စုစစ်တမ်းများ လုပ်ငန်းစဉ် ဆန်းစစ် အကဲဖြတ်ခြင်း လုပ်ငန်းများမှ ကျောင်းအမည်နှင့် တိုင်ကြားသူများကို မည်သို့ဖြေရှင်း ပေးနေသည်ကို ဆန်းစစ်လေ့လာမည်ဖြစ်ပြီး၊ မဖြေရှင်းရသေးသော တိုင်ကြားသူများရှိနေပါက မည်သို့ ဆောင်ရွက် သင့်သည်နှင့် ဤလုပ်ငန်းပိုမိုအားကောင်း၍ လိုအပ်မည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက် သွားမည်ဖြစ်သည်။

## ၆။ CPPF အပေါ် အသိပေးတိုင်ပင်ဆွေးနွေးခြင်း

ဤ CPPF မူကြမ်းအား ကျယ်ပြန့်သော သက်ဆိုင်သူအားလုံးတို့နှင့် အသိပေးတိုင်ပင်ဆွေးနွေးမှုကို ၂၀၁၄ခုနှစ် မတ် လ ၁၉ ရက်နေ့ တွင် ပြုလုပ်မည်ဖြစ်သည်။ ပြည်တွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရေးနှင့် တိုင်းရင်းသားဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်နေသော အဖွဲ့အစည်းများအား နှစ်ပတ်ကြိုတင်၍ ဖိတ်ကြားစာပေးပို့မည်ဖြစ်သည်။ CPPF မူကြမ်း နှင့် မဏ္ဍမ လူမှုရေး ဆန်းစစ်ချက်တို့၏ မြန်မာဘာသာပြန်ကို ဖိတ်ကြားစာနှင့်အတူ ပူးတွဲပေးပို့မည်ဖြစ်သည်။ ပြည်တွင်းနှင့်နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သီးခြားဆွေးနွေးပွဲများပြုလုပ်သွားမည်ဖြစ်သည်။ ယအသိပေးတိုင်ပင်ဆွေးနွေးပွဲများမှ ရရှိလာသော အကြံပြုချက်များအား CPPF အပြီးသတ် အစီရင်ခံစာတွင် ထည့်သွင်း သွားမည်ဖြစ်ပါသည်။

## ၇။ ခန့်မှန်းခြေဘတ်ဂျက်

၂၀၁၄-၂၀၁၇ ပညာသင်နှစ် ၃-နှစ်အတွက် CPP အကောင်အထည်ဖော်ရေးအတွက် ခန့်မှန်းခြေကုန်ကျ စရိတ်မှာ ၄၀၂,၆၂၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၄၁၀,၀၀၀ ခန့်) ဖြစ်သည်။ DEPT သည် CPP အကောင်အထည် ဖော်ရေးအတွက် အသေးစိတ်ဘတ်ဂျက်ကို ဖြန့်ဝေသွားမည်ဖြစ်ပြီး ယင်းတို့သည် ပညာရေးဝန်ကြီးဌာန ၏ နှစ်စဉ်ဘတ်ဂျက်တွင် ပါဝင်ရေးကို သေချာအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် လေ့ကျင့်သင်ကြားရေး၊ ကြီးကြပ်ရေး နှင့် တန်ဖိုးသတ်မှတ်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့သွားမည် ဖြစ်သည်။

ဇယား - ၁။ မြို့နယ် ၄၀ တွင် CPP အကောင်အထည်ဖော်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်

| လုပ်ငန်းများ | ယူနစ်တန်ဘိုး | မြို့နယ် ၄၀ အတွက် အရေအတွက်/စုစုပေါင်း MMK |
|---|---|---|
| NPT ရှိ DEPT နှင့် DBE ဝန်ထမ်းများအတွက်သင်တန်း | ၂၀,၀၀၀ | ၂၀,၀၀၀ |
| မြို့နယ်များရှိ ကျောင်းများနှင့် TEO (မြို့နယ်ပညာရေးမှူး) များ အတွက် သင်တန်း | ၅၀,၀၀၀ | ၂၀,၀၀၀,၀၀၀ |
| လက်ကမ်းစာစောင်နှင့် ပိုစတာများ ရိုက်နှိပ်ခြင်း | ၄၀၀,၀၀၀ | ၁၆,၀၀၀,၀၀၀ |
| မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ပြည်သူလူထု အသိအမြင်မြင့်မားရေး အစီအစဉ်အတွက် အစည်းအဝေးများ | ၂၀,၀၀၀ | ၂၆,၄၀၀,၀၀၀ |
| ကျောင်းအဆင့်ရှိ ပါဝင်ဆောင်ရွက်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ | ၁၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| မြို့နယ်အဆင့်ရှိ ပါဝင်ဆောင်ရွက်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ | ၃၅၀,၀၀၀ | ၄,၂၀၀,၀၀၀ |
| ကြီးကြပ်ခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်း | ၁၀၀,၀၀၀ | ၂၄,၀၀၀,၀၀၀ |
| နှစ်ပတ်လည် အကျိုးခံစားရမှု ဆန်းစစ်ချက် | ၁၀၀,၀၀၀,၀၀၀ | ၃၀၀,၀၀၀,၀၀၀ |
| **စုစုပေါင်း** | | ၄၀၂,၆၂၀,၀၀၀ |

## နောက်ဆက်တွဲ ၁။ လေ့လာခဲ့သောမြို့နယ်များရှိ တိုင်းရင်းသားလူဦးရေ

| မြို့နယ်များ | အများစု | လူနည်းစု |
|---|---|---|
| ရေတာရှည် | ဗမာ (၉၉%) | • ကရင် (၀.၀၉%)<br>• ပအို (၀.၀၁%) |
| ဆိပ်ကြီးခနောင်တို | ဗမာ (၉၈%) | • ရခိုင်နှင့် ကရင်မှ ပြောင်းရွှေ့လာသူ မိသားစု အလွန်နည်းပါးပြီး စုစုပေါင်းအားဖြင့် မြို့များတွင် ရောနှောနေသည်။ |
| မုဒုံ | မွန် (၈၇%) | • ဗမာ (၉.၆%)<br>• ကရင်နှင့် အိန္ဒိယနွယ်များ (၃.၄၁%) |
| ကလော | • ဓနု (၃၇%)<br>• ပအို့ (၂၁%)<br>• ဗမာ (၂၁%)<br>• တောင်ရိုး (၁၅%) | • ပလောင် (၂%)<br>• ရှမ်း (၁%)<br>• အင်းသား (၁%)<br>• ကရင် (၀.၄%)<br>• အခြား (၁%) |
| မဟာအောင်မြေ | ဗမာ (၇၀%) | • အိန္ဒိယနွယ်ဖွား<br>• အစ္စလာမ်လူဦးရေ<br>• ရှမ်း<br>• တရုတ်နွယ်ဖွား (ယူနန်ပြည်နယ်သား)<br>• ကချင်<br>• ကယား<br>• မွန်<br>• ရခိုင် |
| ဇမ္ဗူသီရိ | အများစုမှာ ဗမာလူမျိုးဖြစ်သည်။ လူဦးရေ (၈၀%) သည် အစိုးရ ဝန်ထမ်းများဖြစ်သည်။ | • နောက်ခံအမျိုးမျိုးရှိသော ဌာနေခံလူဦးရေ (၁၀%) နှင့် ရွှေ့ပြောင်းအလုပ်သမား (၁၀%) ရှိသည်။ |

သတင်းအရင်းအမြစ် ။ SA သုတေသနအဖွဲ့